စိတ်ကူးချိုချိုအနုပညာ

သင့်အတွေးကို
စူးရှလတ်ဆတ်စေ၍
သင့်ဘဝကို အားသစ်ပေးမည့်
စိတ်ဓာတ်အားဖြည့်စာမွန်များ

# စကားလုံးတို့
## မည်သည့်အခါမှ
# မလုံလောက်နိုင်

ဒိုင်ဂျေဆန်း–မြန်မာပြန်

# WORDS CAN NEVER BE ENOUGH
## Sunshine Empire and Beyond

Malcolm Chew

mgyoe.com

mgyoe.com

အရာရာတိုင်းအတွက် အချိန် ရှိနေသည်။
မိုးကောင်းကင်အောက် လုပ်ကိုင်သမျှတို့အတွက် ရာသီ ရှိနေသည်။
မွေးဖွားရမည့် အချိန် ရှိသည်။ သေဆုံးရမည့် အချိန် ရှိသည်။
ငိုရမည့် အချိန် ရှိသည်။ ရယ်ရမည့် အချိန် ရှိသည်။
ပွေ့ဖက်လိုက်ရမည့် အချိန် ရှိသည်။ နောက်သို့ ယို့လိုက်ရမည့် အချိန် ရှိသည်။
ရှာဖွေရမည့် အချိန် ရှိသည်။ လက်လျှော့ရမည့် အချိန် ရှိသည်။
ဆုတ်ဖြဲရမည့် အချိန် ရှိသည်။ ဖာထေးရမည့် အချိန် ရှိသည်။

ဒီကာလီ စီယာစတီ ၃၊ ၁-၇

ပေါ့ပြက်ပြက် ရေပေါ်ဆီသည် ကျွန်တော်တို့ ခေတ်၏ကျိန်စာဖြစ်သည်။
ပြီးစီးကျေနပ်မှု ချက်ချင်းရရှိရေးသည် စိတ်ဓာတ်ရေးရာ၏
အရင်းခံအကြောင်းတရား ဖြစ်သည်။
ယနေ့ အသည်းအသန် လိုအပ်ချက်သည် ဉာဏ်ရည်ကောင်းသည့်သူများ
အရေအတွက်များများ ရဖို့မဟုတ်ချေ။ ပါရမီထူးကြွသူများကိုလည်း မလိုအပ်ချေ။
တကယ်လိုအပ်နေသည်မှာ နက်နက်နဲနဲ ရှိလှသူ လူများစု ရှိဖို့ ဖြစ်သည်။

ရစ်ချတ် ဖောစတာ

djs0022
1500.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

စကားလုံးတို့ မည်သည့်အခါမှ မလုံလောက်နိုင်
နှိုင်းဂျူဆန်း - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၇၉+ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) စကားလုံးတို့ မည်သည့်အခါမှ မလုံလောက်နိုင်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စကားလုံးတို့ မည်သည့်အခါမှ မလုံလောက်နိုင်

# WORDS Can Never Be Enough

## Sunshine Empire and Beyond

**Malcolm Chew**

ဒိုဂျေဆန်း
မြန်မာပြန်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


မူရင်းစာရေးသူအကြောင်း မိတ်ဆက် ... က

ရည်ညွှန်းစကား ... ခ

အချီးစကား ... င

အမှာစကား ... ဇ

ဆန်းရှိုင်း အှင်ပါယာ ... ည

မိတ်ဆက် ... ဋ

၁။ နက်ရှိုင်းသောဘဝအမြင် ... ၁

၂။ ချစ်ခြင်းမေတ္တာ ... ၁၂

၃။ စိတ်ထက်သန်ခြင်း၊ ပန်းတိုင်များနှင့် အိပ်မက်များ ... ၂၄

၄။ ဘဝ အထောက်အကူ အိပ်မက် ... ၃၄

၅ အချိန်(အပိုင်း ၁)။ အချိန်၏ အနှစ်သာရ ... ၄၅

၆။ အချိန်(အပိုင်း ၂)။ အရာရာတိုင်းအတွက် အချိန် ... ၅၂

၇။ ဆက်ဆံဆက်နွှယ်မှုများ၏ ဖွင့်မပြောသည့် အမှန်များ ... ၅၆

၈။ အမွေအနှစ် ထားပေးခဲ့ခြင်း ... ၆၇

နိဂုံးစကား ... ၇၂




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မူရင်းစာရေးသူအကြောင်း မိတ်ဆက်

မူရင်းစာရေးသူ မဲလ်ကွန် ချူးသည် အခြားဆယ်ကျော်သက်များနည်းတူ စိတ်မှု မထမ်း မနေရကာလကို ဖြတ်သန်းပြီးသည့်နောက် အသက် ၂၀ နှစ်တွင် တပ်မှ ထွက်ပြီး တတိယအဆင့် ပညာရေးကို စင်ကာပူရှိ နန်ရန်းစီးပွားရေးကျောင်းတွင် လန်းဆန်းတက်ကြွစွာဖြင့် သင်ယူခဲ့သည်။ ထိုစဉ် သူက တိုက်ရိုက်အရောင်းတွင် ပါဝင်ခဲ့သည်။ ထိုဈေးရောင်းနည်းသည် မာလ်တီလဲဗယ်မာကက်တင်း (multi-level marketing)ဟု အမည်ခန့်ခန့်ညားညားဖြင့် ခေါ်သည့် အလွှာအဆင့်ဆင့်ထားရှိကာ ဈေးရောင်းသော နည်းဖြစ်သည်။ သူက ဆန်းရှိုင်း အင်ပါယာ(Sunshine Empire)ဟုအမည်ရှိသည့် ကုမ္ပဏီတွင် ဈေးရောင်းပေးခဲ့သည်။ ထိုကုမ္ပဏီသည် နောက်ဆုံး၌ ဒါရိုက်တာများ လိမ်လည်မှုနှင့် ရင်းနှီးမြှုပ်နှံငွေ ပထမထည့်ဝင်သူများအတွက် အကျိုးအမြတ်ကို နောက်မှ ထည့်ဝင်သူတို့ထံမှ ရရှိသည့် ရင်းနှီးမြှုပ်နှံငွေထဲမှ ယူပြီး ခပ်မြန်မြန်ပေးအပ်သည့် ကလိန်ကကျစ်နည်းကို သုံးစွဲသဖြင့် ယုံကြည်စွာအပ်နှံငွေကို အလွဲသုံးစားပြုမှုတို့ကြောင့် အရေးယူခံပြီး ကုမ္ပဏီ ဖျက်သိမ်းလိုက်ရသည်။ ထိုအခါ စာရေးသူသည် အကြွေးနွံထဲ နစ်ကျွန်ရစ်သည့်အပြင် သူ မြတ်နိုးတန်ဖိုးထားရသူတို့နှင့် ဆက်ဆံရေးပါ ကျိုးပြတ်ခဲ့ရပေသည်။ ကြီးကြီးမားမား ဆိုးဝါးလှပေသော အဖြစ်ကို ဘဝ၌ ကြုံနေရစဉ် သူက ခေါင်းကိုင်အမိဟု သတ်မှတ်ရသည့် ကျေးဇူးရှင်နှင့် သိခွင့်ရခဲ့သည်။ ထိုအခါ၌ သူသည် လဲနေရာမှ ကိုယ့်ကိုယ်ကိုယ် ပြန်ထူကာ ဘဝနှင့် စီးပွားရေးကို စလုံးရေစမှ အသစ်တစ်ဖန် ပြန်စခဲ့သည်။

အသက် ၂၄ နှစ်၌ မဲလ်ကွန်သည်တက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။ ယခုအခါ Global Wealth Private Ltd. တွင် ဦးဆောင်ညွှန်ကြားရေးမှူးချုပ်အဖြစ် လုပ်ကိုင်လျက်ရှိ ပြီး ဟောင်ကောင်နှင့် တရုတ်ပြည်ပတို့တွင် အခြေစိုက် လုပ်ကိုင်လျက်ရှိသည်။ သူ့ကို ဆက်သွယ်ရန် အီးမေးလ်မှာ sk@gw-holdings.com ဖြစ်သည်။

mgyoe.com

mgyoe.com

# ရည်ညွှန်းစကား

ဤစာအုပ်သည် ကျွန်ုပ် လူလားမြောက်စဉ် နှစ်ကာလများတွင် ကျွန်ုပ် တကယ် အရေးလုပ်သည့် အမျိုးသမီးကို ရည်စူးပါသည်။ ထိုအမျိုးသမီးသည် ကျွန်ုပ် စောင့်ကြည့်ပေးနေလိုသူဖြစ်ပြီး သူမ အပေါ်သို့ မည်သည့်ဒုက္ခမှ မကျရောက်သည်မှာ သေချာအောင် ကျွန်ုပ် လုပ်ပေးလိုလှပေသည်။ ကျွန်ုပ်မှာ ညီမလေး မရှိသော်လည်းသူမကို ညီမလေးဟု ကျွန်ုပ်က ခေါ်ဝေါ်သည်။ သို့ဖြစ်ရာ သူမသည် ကျွန်ုပ်၏ ဘုရားပေးသည့် ညီမဟု ဆိုရပေမည်။

ကျွန်ုပ်သည် ဘဝတွင် ခါးသီးသည့်အမှန်တရားကို တွေ့ရှိခဲ့သည်။ ၎င်းမှာ အကယ်စင်စစ် ကျွန်ုပ်တို့သည် နီးစပ်ခြင်း မရှိသည့်သူများဆိုလျှင် ပိုနားဝင်လွယ်ပြီး အကြံပေးဖို့ ပိုလွယ်သူများ ဖြစ်နေကြသည်။ အကယ်စင်စစ် လူအများစုတို့သည် မိမိတို့၏ မိဘတို့ထက် သူငယ်ချင်းတို့ကို နီးစပ်မှု ပိုရှိကြပြီး ဝေမျှ အသိပေးခြင်းလည်း ပိုကြသည်။ထိုသို့ဖြစ်ရသည်မှာမိဘတို့သည်သူတို့၏ကလေးများကိုအလွန်ချစ်ကြခြင်း ကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ ထိုသို့ ချစ်ခြင်းကြီးမားသဖြင့် သူတို့သည် သားသမီးတို့ကို ဘဝအတွက် အရာရာကို သူတို့၏ အကြံဉာဏ်များ ပေးနေကြပြီး အရာရာကို ကူညီပေးလိုနေကြသည်။ သားသမီးတို့ကို ဒုက္ခဆင်းရဲများနှင့် အတိဒုက္ခရောက်ခြင်းများ ဖြစ်နိုင်သရွေ့ အနည်းဆုံး ဖြစ်လိုကြသည်။ သို့သော်ငြားလည်း သူတို့ မကြာခဏ မေ့ထားကြသည်မှာ ကောင်းကောင်း နားထောင်ပေးသည့် နားရွက်များ ထားရှိပေးခြင်းသည်လည်း ပြောဆိုသွန်သင်ပေးသည်ထက် မပိုလျှင်တောင် မလျော့ဘဲ တန်းတူအရေးကြီးသည် ဆိုသည့်အချက် ဖြစ်သည်။

ထိုအချက်ကို ကျွန်ုပ်၏ ဘုရားပေးသည့်ညီမလေးနှင့် သူငယ်ချင်းအဖြစ်သို့ စတင်ရောက်ရှိချိန်၌ သိခဲ့ရပေသည်။ ကျွန်ုပ်သည် သူမကို ကောင်းကောင်းနားထောင်ပေးသည့်နားရွက်များ ပေးအပ်စမြဲဖြစ်ပြီး အကြံမဆိုစလောက်သာ ပေးသဖြင့် သူမက ယုံယုံကြည်ကြည်ဖြင့် ဝေမျှအသိပေးသည်။ သို့သော်ငြားလည်း ကျွန်ုပ်သည် သူမ၏ မိခင်နှင့် နီးစပ်သောဆက်နွယ်မှု ပြုလိုက်ချိန်၌ ၎င်းအနေအထား ပြောင်းလဲသွားသည်။

mgyoe.com

mgyoe.com
ကျွန်ုပ်က သူမကို ညီမလေးတစ်ဦးအဖြစ် ဆက်ဆံခြင်း စတင်လိုက်သည်။ ဘဝအပေါ် ကျွန်ုပ်၏ အတွေ့အကြုံများနှင့် အကြံဉာဏ်များ သူမကို ပေးဖို့ တာဝန်ရှိသည်ဟု အခါခပ်သိမ်း ခံစားမိသည်။ ပြင်းပြသည့်ဆန္ဒလည်း ရှိနေမိပေသည်။

ပြန်ပြောင်းကြည့်လျှင် ဤညီမလေးကို တစ်ဦးတည်း သဘောရှိနေခွင့် ကျွန်ုပ်ပေးထားခဲ့ခြင်း မရှိသလောက် ဖြစ်နေခဲ့သည်။ ကျွန်ုပ်သည် သူမကို အေးအေးလူလူနေခွင့်နှင့် သူမ တိုးတက်ဖို့အတွက် လိုအပ်လှသော နေရာလပ်ကို ပေးခဲလှပေသည်။ သူမသည် ကျောင်းသူတစ်ဦးမျှသာဖြစ်သည်ကို ကျွန်ုပ်က အတွေးချော်နေခဲ့သည်။ အတင်းထိုးသွတ်ကျွေးရမည့်အစား စိတ်ရှည်ရှည်ဖြင့်သာ ထိန်းကျောင်းကာ ပညာသင်ပေးခြင်းပြုဖို့ လိုအပ်သူတစ်ဦးသာ ဖြစ်သည်။ လယ်သမားသည် သူ့ငန်းကို အစာတောင့်များ အတင်းထိုးသွတ်ကျွေးမွေးခြင်းပြုသကဲ့သို့ ကျွန်ုပ်သည် သူမကို ဘဝသင်ခန်းစာများ တစ်ခုပြီး တစ်ခု ထိုးသွတ်ကျွေးနေခဲ့သည်။ သူမ ကြိုက်၏ မကြိုက်၏ ဆိုသည်ကို ကျွန်ုပ် ဂရုမစိုက်ခဲ့ချေ။ နောက်ဆုံး ကျွန်ုပ်၏ အကြံပေးစကားများ တန်ဖိုးဆိတ်သုန်းစပြုသည်အထိ ဖြစ်တော့သည်။

*'စကားလုံးတို့ မည်သည့်အခါမှ မလုံလောက်နိုင်'* သည် ကျွန်ုပ်၏ ဤညီမလေးအတွက် ပုဂ္ဂိုလ်ရေးအရ ရေးသားခဲ့သည့်စာအုပ်မှ သက်ဆင်းလာသည်။ ဘဝအကြောင်း ကျွန်ုပ် အတွင်းကျကျ မြင်ထားသမျှ အကုန်လုံး ပါဝင်သည်။ ကျွန်ုပ်သည် ဘဝ၏ နောက်ထပ် အဆစ်အချိုးအဖြစ် တိုင်းတစ်ပါး၌ သွားရောက်နေထိုင်သည့်အခါ သူမအတွက် ကျွန်ုပ် ထားပေးခဲ့ချင်သော အခြင်းအရာများလည်း ဖြစ်သည်။

ကျွန်ုပ်နှင့် နီးစပ်သူတို့၏ အားပေးတိုက်တွန်းခြင်းကြောင့် ကျွန်ုပ်သည် ဤစာအုပ်၏ ဒုတိယအဆစ်အပိုင်းဆီသို့ ရောက်ရှိခဲ့ပေရာ ဘဝထဲ၌ မိမိတို့၏ စိတ်ကူးအိပ်မက်များကို ရှာဖွေပြီး အလှမ်းမီဖို့ လုပ်ကိုင်နေကြသူတိုင်းအတွက် ဤစာအုပ်ကို ရည်စူးဖြစ်ခဲ့ပေသည်။ သင်တို့သည် ဘဝ၏ မည်သည့်ဥတုရာသီတွင် ရောက်ရှိနေသည် မဆို သင်တို့ကို ဤစာအုပ်သည် တစ်နည်းမဟုတ်လျှင် တစ်နည်းဖြင့် အကျိုးကျေးဇူးပြုပေးနိုင်မည်ဟု ကျွန်ုပ်ယုံကြည်စိတ်ချထားပေသည်။

သင်တို့၏ ကိုယ်ပိုင်နေရာရယူခြင်းများနှင့် အချိန်သုံးစွဲခြင်းများတွင် သင်တို့သည် ဤစာအုပ်ထဲမှ အသုံးကျသည်တို့ကို ရယူပြီး ဘာမှ မပတ်သက်သည်တို့ကို စွန့်ပစ်ကြရမည်ဖြစ်သည်။ ဤစာအုပ်သည် တစ်ချိန်တစ်ခါက လူတိုင်းအတွက် မဟုတ်ဘဲ ကျွန်ုပ်၏ ညီမလေးအတွက်သာ ရည်စူးရေးသားခဲ့ခြင်း ဖြစ်နေပေသည်။

ဤစာအုပ်ကို အသင်တို့အားလုံး မွေ့လျော်နိုင်ကြပါစေ။
mgyoe.com

mgyoe.com

တောအုပ်ဝါထဲ ဖြတ်သန်းနေတဲ့ လမ်းနှစ်သွယ်
နှစ်လမ်းစလုံး ငါသွားဖို့ မဖြစ်နိုင်တာ စိတ်မကောင်းစရာလား။
ခရီးသွားတစ်ဦးအဖြစ် ခပ်ကြာကြာ ငါရပ်ရင်း
ဖန်တစ်ရာတေအောင် လူတွေသွားထားတဲ့ လမ်းတစ်လမ်း
မျက်စိတစ်ဆုံးမှာ ပင်ခြေပိတ်ပေါင်းတွေကြား
ကွေ့ကောက်ဝင်သွားတဲ့အထိ
ငါမြင်နေရ။

ဒီနောက်မှာ
တရားသဖြင့် ဖြစ်စေဖို့အတွက်
ချန်မထားဘဲ ကျန်တဲ့လမ်းကို
ငါကြည့်လိုက်တော့ သူ့ခမျာ
ပြန်ဖော်ဖို့ လိုနေရှာပေါ့။
လူ အသွားအလာ နည်းလွန်းလှလို့
မြက်တွေ ဖုံးလွှမ်းနေရှာတယ်။
ဒီလမ်းပေါ်ကို လမ်းရာထင်ဖို့
လျှမ်းသွားမယ့်သူတွေ လိုနေတယ်။
လျှမ်းရမယ့်သူတွေမှာလည်း ပင့်ပန်းနွမ်းလျကြရမှာ
တကယ်အမှန်ပါပဲ။

ဘာမှန်းမသိရတဲ့လမ်း
ရွေးချယ်လျှမ်းခဲ့ရင်
ဘယ်စခန်း ငါရောက် မသိနိုင်ပေ
ပြန်ရောက်လာမှာလားလည်း ငါ မသေချာ။

သက်ပြင်းချရင်း ဒီအကြောင်း ငါပြောပြ
တောအုပ်ထဲ လမ်းနှစ်သွယ် ဖြတ်သန်းသွား
လူအသွားနည်းတဲ့လမ်း ငါရွေးချယ်
အဲဒါကြောင့်လည်း
တစ်မူထူးတာတွေ အကုန်လုံး ဖြစ်ကုန်ကြတယ်။

mgyoe.com

mgyoe.com

# အချီးစကား

မဲလ်ကွန်သည် ငယ်ရွယ်စဉ်၌ ဘဝတွင် အကျဘက်သို့ အလှည့်အပြောင်းများကို ကြုံခဲ့သူ ဖြစ်သည်။ သတိပြုမိလောက်အောင် ထင်ရှားသည်မှာ စင်ကာပူ၌ ဆန်းရှိုင်း အင်ပါယာ ရိုက်စားလုပ်သည့်အထဲ သူ လူငယ်တစ်ဦးအဖြစ် တပ်မှ ထွက်လာစဉ် ဝင်ပါမိခဲ့သည်။ အလွယ်ဖြင့် အငြိပါကြသည့် လူငယ်တို့သည် တက္ကသိုလ်ပညာရေးကို စွန့်လွှတ်ကာ အမြန်ချမ်းသာရေး ရိုက်စားခွင်များ၏ ဖြားယောင်းမှုကို မလွန်ဆန်နိုင်ကြဘဲ သူတို့၏ ပတ်ပတ်လည်ရှိ ဝိသမလောဘပြည့်လျှံနေသော ဩဇာသက်ရောက်မှုများအောက် ရောက်ရှိသွားကြသည်။ ထိုရိုက်စားခွင်တို့သည် နှစ်ပေါက်တစ်ပေါက်ရိုက်ပြီး ပတ်တီးချသည့်နည်းဗျူဟာများထက် ဘာတစ်ခုမှ မပိုချေ။ ပညာတတ်လူကြီးများနှင့် အသက်ကြီးသူများသည်ပင်လျှင် ပွန်ဇီရိုက်စားခွင် ထောင်ချောက်ထဲ ကျရောက်ကုန်ကြရပေသည်။

(မှတ်ချက်။ ။ပွန်ဇီရိုက်စားခွင် (Ponzi Scheme)သည် စတင်တီထွင်သူ ချားလ်ပွန်ဇီကို အစွဲပြုပြီး ပေးထားသောအမည်ဖြစ်သည်။ လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းမှ ရရှိသည့် အကျိုးအမြတ်ဖြင့် အရင်ဆုံး ရင်းနှီးထည့်ဝင်သူတို့ကို အမြတ်ငွေပေးခြင်း မဟုတ်ဘဲ နောက်မှ ထပ်ဝင်လာသူတို့ထံမှ ရရှိသည့် ရင်းနှီးထည့်ဝင်ငွေထဲမှ ငွေအချို့ကို ရယူပြီး အမြတ်ငွေဝေစုအဖြစ် ပေးခြင်းဖြစ်သည်။ အရင်ဝင်ထားသူတို့ကို နောက်မှဝင်သူတို့က ပံ့ပိုးရခြင်းသာ ဖြစ်သည်။ နောက်မှ ဝင်လာသူတို့ကို ပိုနောက်ကျမှဝင်လာသူတို့က တစ်ဖန်ပံ့ပိုးရခြင်း ဖြစ်သည်။ လူသစ်များ ဝင်လာအောင် လုပ်နိုင်နေသေးသရွေ့ ထိုသို့ အမြတ်ငွေ ဆက်လက်ပံ့ပိုးပေးနေနိုင်ဦးမည် ဖြစ်သည်။ ထိုသို့ငွေထည့်ခိုင်းရာ၌ ရောင်းကုန်ပစ္စည်းများကို မည်ရွေ့မည်မျှ ဝယ်ယူရမည်ဟု သတ်မှတ်ကာ ငွေထည့်ဝင်ခိုင်းခြင်းမျိုးကို အသုံးပြုကာ ငွေကို တစ်ဖက်လှည့်ဖြင့် ချူယူခြင်းမျိုးလည်းရှိပြီး ထိုသို့လှည့်စားထားခြင်းကြောင့် ရင်းနှီးငွေထည့်ဝင်သည်ဟု မယူဆမိကြချေ။ နောက်ဆုံး၌ လုပ်ငန်းပြိုလဲပြီး ငွေဆုံးကြရခြင်းဖြင့် အဆုံးသတ်စမြဲ ဖြစ်သည်)

mgyoe.com

mgyoe.com

မဲလ်ကွန်သည် ကံကောင်းသူဖြစ်သည်။ အချိန်မီ ကုမ္ပဏီအမှန်အကန်၌ အလုပ်ရခဲ့ပြီး ကောင်းမွန်စွာလုပ်ကိုင်ခြင်းက မကောင်းဆိုးဝါးကို အနိုင်ရရှိခဲ့သည်။ သူသည် အတ္တနှင့်လူပေါ် လူဇော်ဖြစ်လိုခြင်းတို့ကိုကျော်လွှားနိုင်ခဲ့သည်။ ဆန်းရှိုင်းအင်ပါယာက သူ့ကို ပြာကျအောင် မလောင်ကျွမ်းခင် လွတ်ရာသို့ သူ ထွက်လာနိုင်ခဲ့သည်။ သူ လဲကျနေခဲ့ရာမှ ရဲရင့်ခြင်းနှင့် ခိုင်မာတည်ကြည်ခြင်းတို့ဖြင့် ပြန်ထူထနိုင်ခဲ့သည့်အပြင် ဖြောင့်တန်းသောလမ်းပေါ် လျှောက်လှမ်းနိုင်ခဲ့သည်။ ယခုအခါ မဲလ်ကွန်က နောက်ပြန်လှည့်ကြည့်ကာ ဤလောက၌ အခြားသူတို့ကို မိမိမှ ပညာ ပြန်ပေးဝေရသည့် တာဝန်ကဏ္ဍကို လူသားတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သတိမူမိခဲ့သည်။

*စကားလုံးတို့ မည်သည့်အခါမှ မလုံလောက်နိုင်* သည် ရင်ထဲ ပေါ့သွားစေရန် နက်ရှိုင်းစွာ ဖွင့်ချလိုက်ခြင်းဖြစ်ပြီး အတွေ့အကြုံမရှိသေးသည့် အသက် ၂၀ နှစ်ကျော်ဝန်းကျင်ရှိ လူငယ်တစ်ဦး၏ ဘဝအဖြစ်အပျက်များ ဖြစ်သည်။ မည်မျှ ပေးဆပ်ကာ ရင်းရသည်ဖြစ်စေ အောင်ပွဲခံနိုင်ဖို့အတွက်သာ အဓိကပိုကျလာနေသည့် လူအဖွဲ့အစည်း၏ ပြောင်းလဲနေသော တန်ဖိုးများကို စူးစမ်းဆန်းစစ်ထားသည်။ မဲလ်ကွန်က အမြန်ကိစ္စပြတ်ပြီး သူဌေးဖြစ်ဘဝပုံစံနှင့် အကျင့်စာရိတ္တအခြေပြုခြင်း ကြီးစိုးသော ရှေးရိုးစွဲဖြစ်သည့် အာရှ၏ လူလားမြောက်အောင် ပျိုးထောင်ပုံတို့ကို နှိုင်းယှဉ်ကာ ကွဲပြားခြားနားပုံများကို ဖော်ထုတ်ပြသပေးထားသည်။ မဲလ်ကွန်က ကျွန်ုပ်တို့ကို လူသားတို့၏ဘဝအပေါ် စိတ်ထဲ ထိထိခိုက်ခိုက်နှင့် အတွေးဆန့်မိစေမည့် မေးခွန်းများနှင့် ထားရစ်ခဲ့သည်။ သိသာထင်ရှားစွာ ကွာခြားကွဲပြားနေသည့် ခေတ်နှစ်ခေတ်လမ်းဆုံလမ်းခွတွင် မတ်တတ်ရပ်နေသည့် မျိုးဆက်၏ ရှုထောင့် အပြောင်းအလဲများနှင့်အတူ ထားရစ်ခဲ့သည်။

သက်မွေးဘဝ၏ နောက်ခံကားလိပ် ဆန်းရှိုင်းအင်ပါယာကို ထားရှိကာ ဘုရားပေးသည့် ညီမလေးအတွက် အခွန့်ရှည်စွာ တည်တံ့သည့် ချစ်ခြင်းမေတ္တာများ နှလုံးအိမ်၌ ဖြစ်တည်နေသည့် အစ်ကိုကြီးတစ်ဦးအဖြစ် မိမိ၏ လိပ်ပြာကို ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေခြင်း၌ တွေ့ရှိသည့် အမှန်အကန်အချက်အလက်များကို ဝေမျှပေးထားသည်။ နက်နက်ရှိုင်းရှိုင်း ထိခိုက်ခံစားမိစေသည့် ဤဇာတ်လမ်း၏ အရည်အသွေးကို မီးမောင်းထိုးပြရမည်ဆိုပါက မဲလ်ကွန်၏ ရိုးသားပွင့်လင်းမှုကို ထိုးပြရမည်ဖြစ်သည်။ ဤပွန်ဇီ ရိုက်စားခွင်တွင် ပါဝင်ပတ်သက်ခဲ့သည့် အခြားလူငယ်များနှင့် မတူသည်မှာ ထိုလူငယ်တို့သည်မျှော်လင့်ချက်များအကုန်လုံးဆိတ်သုန်းသွားကြပြီးစိတ်ဓာတ်အကြီးအကျယ် ကျခြင်းဆီသို့ ထိုးကျသွားသည်။ မဲလ်ကွန်သည် ထိုဖြစ်ရပ်ကို အခွင့်အလမ်းအဖြစ်

mgyoe.com

အသုံးချခဲ့သည်။ ကျေကျေနပ်နပ်ကြီး ခံယူကာ ကိုယ့်ကိုယ်ကိုယ် လေးလေးနက်နက် သုံးသပ်ဆန်းစစ်ခဲ့သည်။ နှလုံးအိမ် ခံစားသိရှိသည့် အမှန်တရားများ ရရှိလာခဲ့ပြီး ရင်းအမှန်အတိုင်း သိမြင်မှုများသည် ဆန္ဒဇောကြီးသည့် လူငယ်တစ်ဦး ကုမ္ပဏီ အရွေးမှားခြင်းများနှင့် အောင်မြင်မှုရဖို့ ဖြတ်လမ်းမှလိုက်ခြင်းများ များများစားစား မပြုမိအောင် ထိန်းကျောင်းကာကွယ်ပေးသည်။

မဲလ်ကွန်က ဆန္ဒဇော၊ ချစ်ခြင်းမေတ္တာ၊ စိတ်ကူးအိပ်မက်များ၊ ရည်မှန်းချက်များ၊ အချိန်၊ လိင်ကိစ္စပင်လျှင် ပါဝင်သည့် ပုဂ္ဂိုလ်ရေးဆက်နွယ်မှုများစသည့် အကြောင်းအရာများကို ပြောပြသည်။ သူသည် ရေရှည်ထိန်းသိမ်းထားနိုင်ဖို့ မဖြစ်နိုင်သော စိတ်ကူးအိပ်မက်နှင့် အမှားနောက်သို့ လိုက်မိပုံကို တင်ပြထားသည်။ သူသည် တဲ့တိုးပစ်သူဖြစ်သည်။ သူ၏ ခံစားမှုများကို ထိပ်တိုက်ရင်ဆိုင်တွေ့ဖို့ ကြောက်ရွံ့သူ မဟုတ်ချေ။ သူက ရိုးရှင်းသည့် ပုံသေနည်းကို ဖော်ပြထားသည်။ သူ့ရဲကောင်း အမှန်အကန်တို့ကို မည်သို့ ရွေးချယ်ရမည်ဆိုသည်ကို ပြသထားသည်။ ရိုးဖြောင့်ခြင်းနှင့် ရိုးသားခြင်းတို့ကိုတန်ဖိုးထားကြသည့်သူများဖြင့်မိမိကိုယ်ကိုမိမိမည်သို့ဝန်းရံရမည်ကို ပြသထားသည်။

စာရှုသူသည် ဘဝကို စတင်မည့် လူငယ်တစ်ဦးဖြစ်ချင်ဖြစ်မည်။ ဆရာသမား တစ်ဦး ဖြစ်ချင်ဖြစ်မည်။ လူငယ်ခေါင်းဆောင်တစ်ဦး ဖြစ်ချင်ဖြစ်မည်။ လူလားမြောက်ပြီးသူ လူငယ်တစ်ဦး၏ မိဘ ဖြစ်ချင်ဖြစ်မည်။ ထိုသူအတွက် မဲလ်ကွန်၏ ဇာတ်လမ်းသည် တစ်စုံတစ်ရာကို တကယ်ပင် သိုမှီးပေးထားပေသည်။

ဒေါက်တာလင်ဇီ ချန်း

●

---

*ဘဝမှာ လူတိုင်း လဲကျကြတယ်၊ ဘဝမှာ အမှားတွေလည်း လုပ်မိကြတယ်၊*
*အဲဒါတွေဟာ ဘဝရဲ့ ကိုယ်ထူကိုယ်ထ ရှေ့သို့ခရီးဆက်တဲ့ ဖြစ်စဉ်မှာ*
*အဖိုးအတန်ဆုံးနဲ့ အဓိပ္ပာယ်အရှိဆုံး သင်ခန်းစာတွေဖြစ်ပြီး*
*ဘဝတက္ကသိုလ်မှာပဲ ရရှိနိုင်ပါတယ်၊*

မဲလ်ကွန် ချန်

---

mgyoe.com

mgyoe.com

## အမှာစကား

*တောအုပ်ထဲ လမ်းနှစ်သွယ် ဖြတ်သန်းသွား*
*လူအသွားနည်းတဲ့လမ်း ငါရွေးချယ်*
*အဲဒါကြောင့်လည်း  တစ်မူထူးတာတွေ အကုန်လုံး ဖြစ်ကုန်ကြတယ်။*

ကျွန်တော့အတွက် ဘဝ၏ မာရသွန်သည် ကြာညောင်းနေပြီး ခက်ခဲကြမ်းတမ်းနေသည်။ ထိုမာရသွန်ကို လွန်ခဲ့သည့် ငါးနှစ်တာတွင် ကျွန်တော် ပြေးလွှားနေခဲ့သည်။ သူတို့က ထိပ်သို့တက်သည့် ခရီးလမ်းသည် အဖော်မဲ့၍ စိတ်အားငယ်စရာဟု ဆိုကြသည်။ ကျွန်တော်က တစ်ကိုယ်တော် ခရီးနှင်ရခြင်းဟု ဆိုသည်။ တစ်ကိုယ်တည်း ဖြစ်နေသော်ငြားလည်း အထီးကျန်ဆန်ခြင်းနှင့် အဝေးကြီး ဖြစ်ပေသည်။ ထိုခရီးကို နှင်သောအခါ အကွေ့အကောက်များ ရှုပ်ထွေးပွေလီနေပြီး အကာအဆီးများလည်း ရှိနေသည်။

"ဘယ်တော့မှ အလုပ်ဖြစ်မှာ မဟုတ်ဘူး။ မင်း ဘဝကို အထုပ်ရှုပ်ထဲ မပျက်စီးချင်စမ်းပါနဲ့"

ဟု ပြောကြသည်။ သို့သော် ကျွန်တော်က ဆက်ပြေးနေဆဲရှိသည်။ အပတ်တကုတ်ကြိုးစားသည်။ ဘယ်သူကမှ၊ ဘာကမှ ကျွန်တော့ကို သွေဖီအောင် လုပ်၍ မရချေ။ အဆုံးတိုင် ရောက်ရှိအောင် ကျွန်တော် ရှေ့သို့ ဆက်နိုင်ခဲ့သည်။ ပခုံးပေါ် ကျော်ပြီး နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ခပ်လှမ်းလှမ်းဆီမှ ရင်းနှီးသည့်မျက်နှာများကို ကျွန်တော် တွေ့သည်။ ရင်းနှီးပြီးသား စကားသံများကိုလည်း ကျွန်တော် ကြားရသည်။ ကျွန်တော့်ကို လှမ်းခေါ်နေသံများ ဖြစ်သည်။ ရပ်ပစ်လိုက်ပြီး အသက်ရှူချိန်ယူလိုက်ဖို့ တွင်တွင်စေ့ဆော်နေခြင်းသည်ပြင်းထန်သည်။ ကျွန်တော်သည်သက်သောင့်သက်သာရှိသည့် အသားကျပြီးသားဇုန်ဆီသို့ ခြေဦးပြန်လှည့်ဖို့ တမ်းတမိသည်။ လက်ကမ်းကြိုဆိုမှုများ သွန်းလောင်းနေသည့်ဇုန်လည်း ဖြစ်သည်။

သို့သော် နောက်သို့လှည့်သည့် ခြေလှမ်းတိုင်းသည် ကျွန်တော်၏ ရည်မှန်းချက်

mgyoe.com

ရဖို့ အရေးကို ကြန့်ကြာစေသည်။ ပိုကြီးမားသည့် ခရီးလမ်းနောက်သို့ လိုက်ခြင်းဖြင့် ပိုမြင့်သည့်ဆီ ကျွန်ုပ်ကို ရောက်စေမည်ဖြစ်သည်။ ပွဲကြည့်ပရိသတ်တို့က မာရသွန် ပြေးလမ်းဘေးမှ ဩဘာပေးနေကြသည်။ ထိုသို့သော ပရိသတ်တို့ ကျွန်တော် တာထွက်ခဲ့သည့် နေရာအစား အဆုံးသတ်ပန်းတိုင်တွင် ရှိနေကြမည်ဟု ကျွန်တော် မျှော်လင့်မိသည်။

mgyoe.com

## ဆန်းရှိုင်း အင်ပါယာ

ဆန်းရှိုင်း အင်ပါယာ (Sunshine Empire) သည် ပျောက်ကွယ်သွားပြီဖြစ်သော အလွှာအထပ်ထပ် ဈေးကွက်ဖော်ဆောင်ခြင်း (Multi Level Marketing-MLM) ကုမ္ပဏီဖြစ်ပြီး ၎င်းကို စင်ကာပူနိုင်ငံတွင် ထူထောင်လုပ်ကိုင်ခဲ့သည်။ စင်ကာပူ ငွေကြေးအာဏာပိုင်က စုံစမ်းစစ်ဆေးရန် တပ်လှန့်စာရင်းတွင် ထည့်သွင်းခဲ့သည်။ ၎င်းကုမ္ပဏီသည် ခွင့်ပြုချက် ရယူထားခြင်းမရှိသော ငွေကြေးရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေနိုင်သည်ဟု ယူဆသဖြင့် ယခုလို အရေးယူစုံစမ်းစစ်ဆေးရမည့်စာရင်းတွင် ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။ ကုမ္ပဏီကို စီးပွားရေးရာဌာနမှ စုံစမ်းစစ်ဆေးခဲ့ပြီး ကုမ္ပဏီ၏ ဒါရိုက်တာများကို တရားရုံးတွင် လိမ်လည်မှုများ၊ ယုံကြည်စွာအပ်နှံမှုများကို အလွဲသုံးစားပြုမှုများ၊ ငွေစာရင်း လိမ်လည်ပြသမှုများဖြင့် တရားစွဲဆိုခဲ့သည်။ နောက်ဆုံး၌ သူတို့ကို ငွေဒဏ်နှင့် ထောင်ဒဏ်များ ကျခံစေရန် စီရင်ချက်ချခဲ့သည်။ အစီရင်ခံချက်များအရ ဆန်းရှိုင်း အင်ပါယာ ကုမ္ပဏီသည် စင်ကာပူဒေါ်လာ ၁၈၉ သန်း စုဆောင်းနိုင်ခဲ့သည်။ ထိုအတွက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အမျိုးမျိုးဖြင့် စီမံပေးခဲ့သည်။ ဘာတစ်ခုမှ အကောင်အထည် ပေါ်မလာဘဲ ပွန်ဇီရိုက်စားခွင် အစီအစဉ်များသာ ဖြစ်နေသည်ကို တွေ့ကြရပေသည်။

●

mgyoe.com

mgyoe.com

# မိတ်ဆက်

အဲဒီမှာ စတွေ့တာပဲ . . .

အဲဒီနေရာကို ကျွန်တော်က အိမ်လို့ မခေါ်နိုင်ဘူး။ သက်သောင့်သက်သာဖြစ်အောင် စီစဉ်ပေးထားတာမှာ အကောင်းဆုံး မဖြစ်တာအတွက်တော့ ကျွန်တော် အရေးမလုပ်ဘဲ လျော့လျော့ပေါ့ပေါ့ မနေနိုင်ဘူး။ ကျွန်တော်ရဲ့ ပျော်ပျော်နေသေခဲ့ သဘောထားကို ဒီမှာ နေထိုင်ကြသူတချို့အဖို့ စိတ်တိုစရာဖြစ်နေတာကိုလည်း ကျွန်တော် ကောင်းကောင်းကြီး သတိပြုမိပါတယ်။ သူတို့က အဆောင်အတွက် ကြီးကြီးမားမား ပံ့ပိုးကူညီပေးထားကြသူတွေ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်က အဆောင်ထဲကို အရိုးအစဉ်အတိုင်း မဟုတ်ဘဲ ဝင်လာသူ ဖြစ်နေတာကလည်း အကြောင်းတစ်ခု ဖြစ်နေစေပါတယ်။

ကျွန်တော်က အဓိပ္ပာယ်မရှိတဲ့ ကစားပွဲတွေကို စိတ်မပါတဲ့သူ ဖြစ်ပါတယ်။ စီစဉ်လုပ်ကိုင်နေတဲ့ လှုပ်ရှားမှုတွေကိုလည်း စိတ်မဝင်စားသူ ဖြစ်ပါတယ်။ ဒါပေမဲ့ အဆောင်ဝေဟာတွေကြား ကျင်းပတဲ့ ကစားပွဲ နီးကပ်လာချိန်မှာတော့ ကျေးဇူးရှင်တစ်ဦးက ကျွန်တော့်ကို လေ့ကျင့်မှုသင်တန်းချိန်တွေကို တက်ဖို့ ဆော်ဩတဲ့အခါ ကျွန်တော် လိုက်လျောခဲ့ပါတယ်။

အဲဒီမှာ သူမကို ကျွန်တော် စတွေ့တာပဲ။ လူတွေက သူမကို အလွန်အမွှမ်းတင်ကြတယ်။ ပြီးတော့ ကျွန်တော်နဲ့ သူမတို့က လေ့ကျင့်ရမယ့် ကစားနည်း အတူတူပဲလို့ ပြောကြပေမဲ့ ကျွန်တော် သူမကို တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး။ အဆောင်က သိပ်ကြီးလှတာမဟုတ်ပေမဲ့ သူမက ကျွန်တော် ဂရုမပြုမိအောင် ဘယ်လိုရှောင်ကွင်းနေနိုင်ခဲ့တယ်ဆိုတာ ကျွန်တော် စိတ်ပဟေဠိ ဖြစ်မိပါတယ်။ သင်တန်းချိန် ညနေခင်း တစ်ခုမှာ ကျွန်တော် ရိုးရိုးကလေးနဲ့ ပေါ်လွင်နေတဲ့ ဂျိမ်းကို သတိပြုမိလိုက်တယ်။ သူမက ဘက်တံကို ဆုပ်ကိုင်ထားရင်း ပိုက်ဆီမှာ အသည်းအသန် အာရုံစူးစိုက်ထားတယ်။

"အသစ်တစ်ယောက်ဖြစ်မယ်"

mgyoe.com

mgyoe.com

ကျွန်တော် သက်ပြင်းချမိတယ်။ သူငယ်ချင်းတစ်ယောက်က စိတ်တွေ လှုပ်ရှားရင်း အလျှင်အမြန် ဝင်ပြောပြလိုက်တယ်။ သူမက တခြားသူ မဟုတ်ဘူး။ အဆောင်ရဲ့ကွင်း (queen)လို့ သတ်မှတ်ခံရသူတဲ့။ ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။

"ဒီရိုးရိုးကလေး ဂျိမ်းက အဆောင်ရဲ့ အလှဘုရင်မ ဟုတ်လား။ ဂျိမ်းမှာ ဘာတွေများ အရမ်းထူးခြားနေတာတွေ ရှိလို့လဲ"

လို့ ကျွန်တော်က အံ့အားသင့်ရင်း မေးလိုက်မိတယ်။ ကျွန်တော့်စကားက ဝေဖန်လိုက်တဲ့လေသံဖြစ်သွားတာကြောင့် ကောင်ကလေးတွေရဲ့ စိတ်ကို ဆွလိုက်သလို ဖြစ်သွားတယ်။ ဒီတော့ သူတို့က ကျွန်တော့်ကို တွန်းပို့လိုက်ကြတယ်။

"ဟေ့ . . . မဲလ်ကွန်၊ မင်းလို ဆရာကြီးအဖို့တော့ မင်းလိုချင်တဲ့ ကောင်မလေး ဘယ်သူ့ကိုမဆို ရနိုင်မှာပါ။ ဒီကောင်မလေးကလည်း ရိုးရိုးလေးဂျိမ်း ဖြစ်နေတော့ မင်းအတွက်တော့ ဘာအခက်အခဲမှ မရှိသင့်ဘူး။ ဒီလို အလွယ်ဖြင့် ရနိုင်တာမို့ အရမ်းခက်ခက်ခဲခဲ ဖြစ်နေဖို့ အကြောင်းမရှိဘူး။

ကျွန်တော်က သူတို့ပြောဆိုကြတာတွေကို အရေးမလုပ်သလို နေလိုက်ပေမဲ့ ကျွန်တော့် မာနပလွှားမှုနဲ့ အတ္တမာနတို့က ကျွန်တော်ကို လွှမ်းမိုးပစ်လိုက်တယ်။ ချာတိတ်တွေ စိန်ခေါ်တာကို ကျွန်တော် လက်ခံရယူလိုက်တယ်။ ကျွန်တော်က ယောကျ်ားတစ်ယောက် ဖြစ်တာမို့ သိက္ခာမကျဖို့က အရမ်းအရေးကြီးနေတယ်။

သင်တန်းပေးတာကညဘက်အထိရောက်သွားတယ်။ကျွန်တော်အနားယူတဲ့အခါ ခပ်လှမ်းလှမ်းမှာပဲနေတယ်။ သူမက စောင့်ကြည့်မြဲ စောင့်ကြည့်နေလိုက်တယ်။ စိတ်ထဲမှာ ကိုယ့်ရဲ့ ကိုယ်နေဟန်ထား မပျက်ဘဲ သူမကို ဘယ်လိုချဉ်းကပ်ရမလဲဆိုတာ အကြံထုတ်နေရတယ်။ သူမကို အပြင်ခေါ် ထုတ်ဖို့အတွက် သိမ်သိမ်မွေ့မွေ့ဖြင့် ဘယ်လိုပြောရင်ကောင်းမလဲ။ နောက်တစ်နေ့မှာ သူမဆီကို ဖုန်းနဲ့ စာတို ပို့လိုက်တယ်။ စပ်စုလိုစိတ်ဖြင့် ကျွန်တော့်စာတိုကို သူအကြောင်းပြန်မှာပဲဆိုတာ ကျွန်တော်ကောင်းကောင်းသိနေယ်။

သိပ်မကြာလိုက်ပါဘူး။ သူမဆီက အကြောင်းပြန်စာ ဝင်လာတယ်။ ကျွန်တော် တွက်ထားတဲ့အတိုင်းပါပဲ။ ကျွန်တော် ထိပေါက်သွားပါပြီ။ မိနစ်ပိုင်းအတွင်းမှာ ကျွန်တော်တို့ စာတိုတွေ အပြန်အလှန်ပို့ရင်း ပြောဆိုဖြစ်ကြတယ်။ ချပ်တင်းလုပ်ဖြစ်သွားကြတယ်ဆိုပါတော့။ ကျွန်တော် သူ့ရဲ့ အီးမေးလ်လိပ်စာကို ရအောင်တောင်းယူထားနိုင်လိုက်တယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့ ဖုန်းနဲ့ ကြုံဖြစ်ကြသလို အွန်လိုင်းမှာလည်း ကြုံဖြစ်ကြတယ်။ ကျွန်တော် လှမ်းဆွတ်လို့ မရတဲ့ ပန်းရယ်လို့ မရှိပါဘူး

mgyoe.com

ဆိုတာ ချာတိတ်တွေကို သက်သေပြနိုင်တဲ့အဆင့်ကို ရောက်ဖို့ မဆိုစလောက်သာ လိုပါတော့တယ်။

ဒါပေမဲ့ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွား အရင်တုန်းက ကျွန်တော် မမြင်မိခဲ့တဲ့ တောက်ပမှုတစ်ခုကို သူမဆီမှာ ကျွန်တော် သတိပြုမိလိုက်တယ်။ သူမက တခြား ပျိုဖော်ဝင်မိန်းကလေး မြီးကောက်ပေါက် အများအပြားနဲ့ မတူဘူး။ သူတို့က ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်နေကြတယ်။ လောကကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေကြတယ်။ အခက်အခဲတွေကို မထီမဲ့မြင်ပြုနေကြတယ်။ သူမက လက်လွတ်စပယ် မဖြစ်ဘူး။ အရိုင်းပန်း မဆန်ဘူး။ သူမရဲ့ အသက်အပိုင်းအခြားမှာ တွေ့နေကျ မဟုတ်တဲ့ဟန်မူရာ ကြော့မော့ခြင်းနဲ့ ဣန္ဒြေတစ်မျိုး ရှိနေတယ်။

ကျွန်တော် အရင်က အောင်အောင်မြင်မြင်တော့ သိပ်မဟုတ်လှတဲ့နောက်ပိတ်ဆုံး တွဲဖြစ်ခဲ့တဲ့ ကောင်မလေးနဲ့ လမ်းခွဲခဲ့ပြီးတဲ့နောက်မှာ နောက်ထပ် ဆန့်ကျင်ဘက်လိင် တစ်ဦးနဲ့ ဆက်နွယ်မှု ထူထောင်ဖို့ဆိုတာထက် တခြားလုပ်စရာကိစ္စတွေ ကျွန်တော်မှာ ရှိနေတယ်။ ကျွန်တော်က ဒီမှာ ရောက်နေတယ်။ ရှေ့မှာ မထိပါးရသေးတဲ့ မိန်းကလေး ရှိနေတယ်။ ဒီနှစ်ယောက် ရောထွေးယှက်တင်သာ မဖြစ်ခဲ့ရင် ဘဝလမ်းကြောင်းတွေ တစ်ခုအပေါ် တစ်ခု ဖြတ်သန်းမိကြမှာ မဟုတ်ဘူး။ ကမ်းကုန်အောင် ဆိုးဝါးတဲ့ ရည်ရွယ်ချက်နဲ့ အစပျိုးခဲ့တဲ့ကောင်ကလေးဟာ ဒုက္ခပေးမယ့် မိစ္ဆာကောင်အဖြစ်ကနေ မိတ်ကောင်းဆွေမွန်အဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခဲ့ပါတယ်။

အဲဒီ ညီမလေးကို ကျွန်တော် စတင်သိကျွမ်းတဲ့အချိန်မှာ ကျွန်တော်ဟာ အသက် ၂၁ နှစ်ရှိပြီဖြစ်တဲ့ 'လူကြီးပေါက်စ' တစ်ဦးပါ။ 'လူကြီး' လို့ ဆိုရပေမဲ့ မရင့်ကျက်သေးဘူး။ လူရည် မလည်သေးဘူး။ အတွေ့အကြုံတွေ မရှိသေးလို့ ပြောတိုင်းယုံလွယ်တဲ့သူပါ။ ငွေရဖို့အတွက် လောဘတွေတက်ပြီး ဆန်းရှိုင်းအင်ပါယာလို့ခေါ်တဲ့ စီးပွားရှာလုပ်ငန်း ကနေတစ်ဆင့် ချက်ချင်းအမြန်အောင်မြင်ဖို့ ဇောကပ်နေခဲ့ဖူးတဲ့ သူလည်းဖြစ်ပါတယ်။ နောက်ဆုံးမှာ အာဏာပိုင်တွေက ရိုက်စားလုပ်တယ်လို့ မှတ်ယူတာကြောင့် အရေးယူ ခဲ့ကြပါတယ်။ အာရှရဲ့ ကလိန်ကကျစ်ရိုက်စားခွင်တစ်ခု ဖြစ်ခဲ့တာအမှန်ပါပဲ။

ကျွန်တော်ဟာ လူကြီးငယ်တစ်ယောက် ဖြစ်နေပြီး ငွေဟာ အရာရာကို ဝယ်နိုင် တယ်လို့ ထင်ထားသူ ဖြစ်နေခဲ့ပါတယ်။ ထိတွေ့ကိုင်တွယ်လို့ရတဲ့ပစ္စည်းတွေရော၊ ထိတွေ့ကိုင်တွယ်လို့ မရတဲ့အရာတွေကိုပါ ငွေဖြင့် ရယူနိုင်တယ်လို့ ထင်ထားသူဖြစ်ခဲ့ ပါတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေ၊ လေးစားသမှုရှိခြင်းတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ၊ ချစ်သူမိန်းကလေးတွေ၊ ပြီးတော့ ချစ်ခြင်းမေတ္တာဆိုတာကိုတောင် ငွေဖြင့်ရယူနိုင်တယ်

mgyoe.com
လို့ယူဆထားသူ ဖြစ်နေခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုယ် လက်ဖျားနဲ့ထိလိုက်ရင် ရွှေအဖြစ်သို့ပြောင်းစေနိုင်သူလို့တောင်ထင်တစ်လုံးရှိနေခဲ့တယ်။ ကျွန်တော်ငွေလောဘကြောင့် မမြင်တော့ဘူး။ ငွေနဲ့အတူတွဲနေတဲ့ အပျော်အပါးတွေနဲ့ ဩဇာတွေက ကျွန်တော့ကို ကန်းနေစေခဲ့ပါတယ်။

ကျွန်တော်နဲ့အတူ ကျောင်းတက်နေကြတဲ့သူတွေကို 'ငါးပေါက်စကလေး'တွေလို့ ကျွန်တော် မြင်နေမိခဲ့တယ်။ သူတို့က အုပ်လိုက်ကြီး ကူးခတ်သွားလာနေကြတယ်။ သမုဒ္ဒရာဆီမှ ရောက်လာတဲ့ လှိုင်းတွေကြားထဲ ပျော်နေကြတယ်။ ငါးအုပ်ကြီးရဲ့ ခေါင်းဆောင် ကူးတဲ့နောက်ကို လိုက်ပါနေကြတယ်။ ငါးမန်းတွေ ရောက်လာရင် ကစဉ့်ကရဲ ထွက်ပြေးကြတယ်။ ကျွန်တော့ ညီမလေးကိုလည်း အစပိုင်းမှာ ငါးကလေးလို့ပဲ မြင်မိတယ်။ ကျောင်းတက်နေတဲ့ သာမန်ကျောင်းသူကလေးတစ်ဦးဖြစ်ပြီး လူ့အဖွဲ့အစည်းရဲ့ပညာရှာတဲ့အရွယ်ပညာသင်ရမယ်ဆိုတဲ့ပင်မရေစီးကြောင်းထဲအများနည်းတူ လိုက်ပါနေသူတစ်ဦးမျှသာဖြစ်တယ်လို့ မြင်မိတယ်။ ကျောင်းမှာ ရှိနေတဲ့ ယှဉ်ပြိုင်ရမှုတွေမှာ ကိန်းသေပေါက် အနိုင်ရမယ်လို့ ယူဆထားကြသူတွေထဲက တစ်ယောက်မျှသာဖြစ်တယ်။ ကြုံရတွေ့ရတဲ့ အဖြစ်အပျက်တွေက သူတို့ရဲ့ ပညာရေးရည်မှန်းချက်ပန်းတိုင်ဆီကိုပိုနီးကပ်သွားစေတယ်လို့ယူဆထားကြသူတွေဖြစ်ပါတယ်။ အနိုင်တစ်ခါရလိုက်တာဟာ သပ်သပ်ရပ်ရပ် ရှိလှတဲ့ ပညာရည်မှတ်တမ်းအတွက် ချီးကျူးစရာတစ်ခု ထပ်တိုးတာထက် မပိုပါဘူး။

သူတို့တစ်တွေက ဒီပုပ်ထဲက ဒီပဲ ဖြစ်နေကြချိန်မှာ ကျွန်တော်က 'အထူးသီးသန့်' ဖြစ်နေတယ်။ ကိုယ့်စိတ်ထဲ ခံစားသိရှိမိနေတာက ကျွန်တော်ဟာ တစ်မူထူးခြားနေတယ်။ ကျောင်းနေဖက်တွေထက် ပိုသာနေတဲ့သူ ဖြစ်နေတယ်။ အဲဒါ တစ်နည်းနည်းတော့ ဟုတ်မှန်နေတယ်။ ကျွန်တော်က တကယ်ကို တစ်မူထူးခြားနေတဲ့သူ ဖြစ်နေပါတယ်။ ကျောင်းပညာရေးရဲ့ အောင်မြင်မှုဆိုတာတွေကို ကျွန်တော် စိတ်မဝင်စားဘူး။ အဲဒီအတွက်လည်း ကနေ့အထိ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် သတိမမူမိတာက ကျွန်တော် တစ်မူထူးခြားနေပုံတွေက လူ့မှုအဖွဲ့အစည်းထဲမှာ ရှိနေကြတဲ့ တခြားသူတွေကို တန်ဖိုးထပ်ဖြည့်ပေးနိုင်ခြင်း မရှိပါဘူး။ ကျွန်တော်ရဲ့ အထက်စီးဆန်ပြီး မာနပလွှားတာတွေဟာ လူ့အဖွဲ့အစည်းအတွက်တော့ လူ့ကျင့်ဝတ်အဖျက်ပိုးတွေ ဖြစ်နေကြပါတယ်။

ကျွန်တော်ရဲ့ အမှားတွေကို သတိမမူမိခင်မှာ ဆက်ဆံရေးဆက်နွှယ်မှုတွေ ပြတ်တောက်ကုန်တယ်။ ခင်မင်ရင်းနှီးမှုတွေပျက်သုန်းတယ်။ ကျွန်တော့နာမည်ဂုဏ်သိက္ခာ
mgyoe.com

စွန်းထင်းတယ်။ ပြန်ပြင်ဖို့ဖြစ်နိုင်သေးတာရဲ့ဟိုမှာဘက်အထိထိခိုက်ပျက်စီးခဲ့ပါတယ်။

ကျွန်တော့ အသက်အရွယ် ရှိကြသူတွေ သွားလာခဲလွန်းလှတဲ့ လမ်းပေါ်မှာ ကျွန်တော် ခရီးနှင်ပြီးချိန်မှာ ကျွန်တော့ နောက်မှ ဒီလမ်းပေါ်ရောက်လာကြသူတွေလည်း ကျွန်တော် ပြုမိသမျှ အမှားတွေကို သင်ခန်းစာ ရကြလိမ့်မယ်လို့ မျှော်လင့်မိတယ်။ အဲဒီလို သိသွားကြရင် ကျွန်တော် လျှောက်မိတဲ့လမ်းကို မလျှောက်မိကြဘဲ သူတို့ရဲ့ အဖိုးတန်တဲ့အချိန်တွေ မဆုံးရှုံးအောင် ကာကွယ်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒီစာအုပ်ကို ရေးသားပြီးစီးချိန်မှာ ကျွန်တော့အသက်က ၂၅ နှစ်ပဲ ရှိဦးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့ဘဝရဲ့ ပြီးခဲ့တဲ့ ၅ နှစ်တာကာလအတွင်းမှာ ကျွန်တော် သွားခဲ့တဲ့ခရီးက အရှိန်တင်သင်ယူဖြစ်တဲ့ လမ်းကြောင်းပေါ် ရောက်နေခဲ့တာ ဖြစ်နေတယ်။ ဒီတော့ ပူထူပြီး လုပ်တတ်တဲ့လူစားမျိုး မဟုတ်တော့ဘဲ သွေးအေးအေးဖြင့် ဆင်ခြင်ပြီးလုပ်ကိုင်တတ်တဲ့သူ ဖြစ်နေပါပြီ။ လူပျိုပေါက်တစ်ယောက်ရဲ့ ကလေးဆန်တာတွေ မရှိကြတော့ဘူး။ ကိုယ့်ကိုယ်ကိုယ် အလိုလိုက်လွန်းတာတွေလည်း မရှိတော့ပါဘူး။ ဒီတော့ ယခုအခါမှာ ပြောပြဖို့၊ နားထောင်ဖို့၊ စိတ်ထဲ ခံစားဖို့အတွက် ရင့်ကျက်တည်ငြိမ်တဲ့သူ ဖြစ်နေပါပြီ။ သားသမီးတွေကို ဆိုဆုံးမတဲ့ မိဘတစ်ဦးသဖွယ် ဖြစ်နေတဲ့ အနေအထားကို ရောက်နေပါပြီ။ အမှန်အတိုင်း ပြောရင် ကျွန်တော်ရဲ့ အကောင်းဆုံးမိတ်ဆွေတွေ၊ ယုံကြည်စိတ်ချသူတွေ၊ ကျွန်တော်နဲ့ ဆက်ဆံရေး အဆင်ပြေပြေ ရှိကြသူတွေထဲမှာ အများစုဟာ အသက် လေးဆယ်ကျော် ငါးဆယ်ကျော်တွေ ဖြစ်ပါတယ်။

ဆက်လက်ဖတ်ရှုရမယ့် အခန်း ခုနစ်ခန်းမှာ ကျွန်တော့ ဘဝထဲမှာနဲ့ စီးပွားရှာတဲ့ဆီမှာ ဖြစ်ထွန်းရရှိခဲ့တဲ့ အတွင်းကျကျ ရှုမြင်သိရှိမှုတွေကို အသေးစိတ် ရှင်းပြထားပါတယ်။ အထူးသဖြင့် ကျွန်တော် မရင့်ကျက်သေးခင် နေ့ရက်တွေတုန်းကဆန်းရှိုင်း အင်ပါယာမှာ ပါဝင်ပတ်သက်ခဲ့တာတွေကို ရင့်ကျက်တဲ့အမြင်ဖြင့် ပြန်ကြည့်ပေးထားပါတယ်။ ဒီအချက်က ဒီစာအုပ်ကို ဖတ်ရှုဖြစ်ကြသူ အများစုအတွက် အကျိုးရှိမယ်လို့ မျှော်လင့်မိပါတယ်။ အထူးသဖြင့် ကျွန်တော့်ရဲ့ ညီမလေးအတွက် ဖြစ်ပါတယ်။ သူမသာ မပါရှိခဲ့ဘူးဆိုရင် ဒီစာအုပ်ကို စတောင်ရေးဖြစ်မှာ မဟုတ်ပါဘူး။

ဒီစာအုပ်က ညီမလေးကို သိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတာတွေနဲ့ သိုင်းဝိုင်းထားတယ်။ ပြီးတော့ ခင်မင်ရင်းနှီးမှုတွေ ဆုံးရှုံးရတာတွေအတွက် နာကျင်ခံစားမှုတွေ၊ ငွေတွေကြောင့် ကြွကြွရွရွဖြစ်ရတာတွေနဲ့ သွေးကြွတာတွေ၊ မိုးမမြင်လေ မမြင် ခြေထောက်မြေမထိ ဖြစ်တာတွေ၊ ရုပ်ဝတ္ထုပိုင်ဆိုင်မှုတွေအတွက် လောဘတက်ပြီး ငမ်းငမ်းတက် ဖြစ်တာတွေ၊ ကျက်သရေကင်းမဲ့တဲ့ဆီကို ပြုတ်ကျသွားတာတွေ ပြီး

mgyoe.com
တော့ မာန်စွယ်ချိုးပြီး သဲတရှပ်ရှပ်ဖြစ်နေတဲ့ မုန့်ကို ကျိုးကျိုးနွံနွံဖြင့် မြည်းရတာတွေ ပါဝင်ကြပါတယ်။

ရိုးသားစွာဖြင့် ပြောရရင် အသက်နှစ်ဆယ်ဝန်းကျင်မှာ ကျွန်တော်က ချာတိတ်ပဲ ဖြစ်နေပါသေးတယ်။ အပူအပင်ကင်းတဲ့ ကျောင်းသားတစ်ဦးဖြစ်ပြီး တက္ကသိုလ်ရဲ့ အဆောင်မှာ ဘဝကို ပျော်ပျော်ကြီး ဖြတ်သန်းနေခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဘဝ တစ်သက်တာအတွက် ပြောင်းလဲပစ်လိုက်မယ့် ကွင်းပြင်ကျယ်ထဲ စောစောပိုင်းမှာပဲ ကျွန်တော် ဖြတ်သန်းလိုက်ရပါတယ်။ ဘာလို့ ဖြတ်သန်းဖြစ်ခဲ့ရတာလဲဆိုတာ ကျွန်တော် ရှင်းမပြတတ်ပါဘူး။ ပိုပြီး အံ့ဩစရာဖြစ်နေရတာကတော့ ဖြစ်သမျှပျက်သမျှတွေကို ဖြတ်သန်းနိုင်ခဲ့ပြီး ခေါင်းမော့ထားနိုင်အောင် ပြီးတော့ ကျွန်တော့်ဘဝ ရှေ့ဆက်နိုင်အောင်ကျွန်တော်ဘယ်လိုစီမံနိုင်ခဲ့သလဲဆိုတာလည်းကျွန်တော်ပြောမပြတတ်ပါဘူး။

ဒီစာအုပ်ကနေတစ်ဆင့် ကျွန်တော် တွေ့ရှိထားတဲ့ တကယ်ကို အတွင်းကျကျ အမြင်တွေ ဝေမျှပေးထားပါတယ်။ အဲဒါတွေက ကျွန်တော်ရဲ့ ဘဝနဲ့ စီးပွားရှာခရီးကို လျှောက်လှမ်းရင်း မြင်သိခဲ့ရတာတွေဖြစ်ပြီး ဆန်းရှိုးအင်ပါယာ အရှုပ်တော်ပုံကြီး လွန်မြောက်ပြီးချိန်မှာ မြင်သိခဲ့တာတွေ ဖြစ်ပါတယ်။ ကျွန်တော် နုံနုံနနဖြင့် ဆန်းရှိုးအင်ပါယာဆိုတာကြီးကို ယုံစားခဲ့တာပါ။

တစ်ချိန်တည်းမှာပဲ ဒီစာအုပ်က လူငယ်တွေကို အားတက်စေမယ်လို့ မျှော်လင့်ပါတယ်။ သူတို့ရဲ့ဘဝတွေက အစစအရာရာ အဆင်ပြေနေတဲ့ဘဝမျိုးတွေ မဟုတ်ပါဘူး။ တစ်ချိန်ကဘာလုပ်ခဲ့သလဲဆိုတာက အခုခင်ဗျားဘာဖြစ်နေသလဲဆိုတာကိုသတ်မှတ်ချက်တွေ ချပေးနေတဲ့ခေတ်မဟုတ်တော့ပါဘူး။ နေ့စဉ်နေ့တိုင်း ခင်ဗျားလုပ်ကိုင်လိုက်တာတွေကသာ ခင်ဗျားရဲ့ အနီးကပ်အနာဂတ်ကို ဆုံးဖြတ်ပေးနေကြပါတယ်။ အမှားတစ်ခု ကျူးလွန်မိရုံဖြင့် ဘဝ ဆုံးမသွားပါဘူး။ အဲဒီအမှားမီးပွားကလေးက လျှောက်ရမယ့် လမ်းသစ်အစတစ်ခုကို မြင်အောင် အလင်းတစ်ချက် ပြလိုက်တာ ဖြစ်နေနိုင်ပါတယ်။

ဒီစာအုပ်ထဲမှာ တွေးခေါ်ဆင်ခြင်မှုတွေ ခင်ဗျားတွေ့မယ်။ နေ့စဉ်မှတ်တမ်းလို ရေးထားတာတွေလည်း တွေ့မယ်။ အတိုအထွာဖြစ်ရပ်တွေလည်း ဖတ်ရှုရပါလိမ့်မယ်။ ဟိုတစ်စ ဒီတစ်စ အကြံပေးထားတာတွေလည်း တွေ့ပါလိမ့်မယ်။ လူငယ်တစ်ဦးရဲ့ ဆီမှ ထွက်ပေါ်လာတာတွေဖြစ်ပြီး လူငယ်ဘွအတွက် ဖြစ်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ ကျွန်တော် တွေ့ကြုံခဲ့ရတာတွေအတွက် ကျွန်တော်ရဲ့ များပြားလှတဲ့ ခံစားမှုအဝဝကို ဖော်ထုတ်ပြောပြဖို့အတွက် လုံလောက်တဲ့ စကားလုံး

mgyoe.com

တွေ ဘယ်သောအခါမှ ရှိမှာ မဟုတ်ပါဘူး။ ဒီတော့ ဒီစာအုပ်ရဲ့ နာမည်ကို အခုလို ပေးဖြစ်ခဲ့ပါတယ်။

*"စကားလုံးတို့ မည်သည့်အခါမှ မလုံလောက်နိုင်"*

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း(၁)
# နက်ရှိုင်းသောဘဝအမြင်

*ပေါ့ပြက်ပြက် ရေပေါ်ဆီသည် ကျွန်တော်တို့ ခေတ်၏ကျိန်စာဖြစ်သည်။*
*ပြီးစီးကျေနပ်မှု ချက်ချင်းရရှိရေးသည် စိတ်ဓာတ်ရေးရာ၏*
*အရင်းခံအကြောင်းတရား ဖြစ်သည်။*
*ယနေ့ အသည်းအသန် လိုအပ်ချက်သည် ဉာဏ်ရည်ကောင်းသည့်သူများ*
*အရေအတွက်များများ ရဖို့မဟုတ်ချေ။ ပါရမီထူးကြသူများကိုလည်း မလိုအပ်ချေ။*
*တကယ်လိုအပ်နေသည်မှာ နက်နက်နဲနဲ ရှိလှသူ လူများစု ရှိဖို့ ဖြစ်သည်။*

ရစ်ချတ် ဖောစတာ

နက်ရှိုင်းမှုရှိသောဘဝအမြင်သည်ခေတ်ပေါ်ခေတ်ကာလတွင် ရရှိထားဖို့အတွက် တမင်ရည်ရွယ်လုပ်ကိုင်မှု ရှားပါးနေသော အခြင်းအရာ ဖြစ်သည်။ ဘဝအမြင်သည် လွန်စွာအရေးပါသည့်ကိစ္စဖြစ်သည်ဟု လူအများအပြားတို့က ယူဆထားကြသော်လည်း တကယ်တမ်း အမြဲထွေးပွေ့ထားသူ ဦးရေမှာ လက်ချိုးရေတွက်၍ ရသည်။ တကယ်တမ်းပြောကြကြေးဆိုလျှင် အချို့က အပေါ်ယံမျှ ရှပ်ပြီး ထိုအခြင်းအရာကို ဟောပြောကြသည်။ ထိုအခြင်းအရာကို တွေးတောဆင်ခြင်မှ ဉာဏ်ပညာရှိသူ၊ အမြင်ကျယ်သူဟု ယူဆကြသည်။ သို့သော် စိတ်မကောင်းစရာ ဖြစ်နေရသည်မှာ ထိုသို့ မဖြစ်ကြသည်က များနေခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘဝ ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှုများနှင့် အတွင်းကျကျ ရှုမြင်နိုင်

mgyoe.com

mgyoe.com
စွမ်းများကို တောင့်တကြသည်။ တစ်နေ့နေ့မှာ ကျွန်ုပ်တို့၏ ရှေ့မှောက်မှာ မျက်လှည့် ပြလိုက်သကဲ့သို့ ဘွားခနဲ ပေါ်လာလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ သို့သော် ကျွန်ုပ်တို့သည် ထိုအရာကို သောက်စို့ခံယူရန်အတွက် အချိန်ဖယ်ထုတ်ပြီး သုံးစွဲဖို့ ပျက်ကွက်နေကြသည်။ ကျွန်ုပ်တို့၏ သွေးရူးသွေးတန်းဘဝများ၏ ပျားပန်းခပ်လုပ်ရှား လုပ်ကိုင်မှုများနှင့် ပျာယာခတ်အလုပ်ရှုပ်ခြင်းများအတွက်သာ အချိန်ကုန်ခွင့်ပေးထား ခြင်းဖြင့် တန်ဖိုးထားရမည့် သင်ခန်းစာများ အရေးပါအရောရောက်ခြင်းကို ဘေးသို့ တွန်းဖယ်ထားလိုက်ကြသည်။

ကျွန်ုပ်၏ အမြင်တွင် နက်ရှိုင်းသောဘဝအမြင်ကို ပြုစုပျိုးထောင်ရန်အတွက်မှာ အချိန်အတန်ကြာ တစ်ကိုယ်တည်း ဇကစာ နေထိုင်ရင်း ကျွန်ုပ်တို့ လူသားများ ဖြစ်ပျက်နေကြသည်တို့အပေါ် အလေးအနက်စဉ်းစားပြီး ထွင်းဖောက်ရယူဖို့ လိုအပ် မည်ဖြစ်သည်။ ထိုအခါကျမှသာ ဘဝ၏ နက်ရှိုင်းမှုများကို တကယ်လိုလားတောင့်တ ကြသူတို့သည် ဘဝကို ပြောင်းလဲတိုးတက်စေမည့် အခြေခံ သဘောတရားများကို စိတ်ထဲစွဲထင်နိုင်ကြမည်ဖြစ်သည်။ ကျည်ဆန်ရထား အမြန်နှုန်းဖြင့် ဘဝကို ဖြတ်သန်း နေကြသူများသည် နက်ရှိုင်းသောဘဝနှင့် ဘဝကို ပြောင်းလဲတိုးတက်စေမည့် အခြေခံ သဘောတရားများ ပျောက်ဆုံးနေကြသည်။ အတွင်းကျကျ ရှုမြင်တွေ့ရှိမှုများလည်း မရှိနိုင်ကြချေ။ ထိုအရာတို့ကို ရရှိဖို့အတွက် လုပ်ဖို့ကိုင်ဖို့အတွက် ခဲယဉ်းနေနိုင်သည်။ အကြောင်းမှာ ဘဝ၏ အတိမ်အနက်ကို ကျွန်ုပ်တို့တွင် ရှိနေသော ငွေအိတ်၏ အတိမ် အနက်ဖြင့် မတိုင်းတာသောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့၏ အကောင်အထည်ရုပ်ဒြပ် အပိုင်းအခြားနယ်ပယ်၏ ဟိုမှာဘက်တွင် ဘဝတစ်ခု ရှိနေသည်။ ထိုဘဝသည် ရည်ရွယ်ချက်အမှန်အကန်များနှင့် အဓိပ္ပာယ် အမှန်အက န်များဖြင့် ဖြည့်တင်းထားသည်။

ကျွန်ုပ်တို့သည် နက်ရှိုင်းမှု လျှံထွက်နေအောင် ဖြည့်ထားသည့် ဘဝဖြင့် နေထိုင် နိုင်ကြပါစေဟု ကျွန်ုပ် ဆုတောင်းပါသည်။ ကိုယ်ကျိုးအတွက် လိုအင်များပြည့်ဝစေရန် အတွက်သာ ရှာဖွေနေသူများ မဖြစ်ကြပါစေနှင့်ဟုလည်း ဆုတောင်းပါသည်။ ကျွန်ုပ် တို့သည် ကိုယ်ကျိုးရှာခြင်းဆီသို့ အလိုလို ဆွဲငင်ခံထားပြီး ဖြစ်နေကြသည်။ ကျွန်ုပ်၏ စာအုပ်ကို ဖတ်ရှုကြသူတို့သည် မြင့်မြတ်သောသူများအဖြစ် ပေါ်ထွန်းလိမ့်မည်ဟု ကျွန်ုပ် အလေးအနက် ယုံကြည်ထားပါသည်။ ကြီးစွာသော သြဇာညောင်းနိုင်ကြသူများ ဖြစ်လာကြပြီး ကိုယ့်ကိုယ်ကိုယ် နှိမ့်ချခြင်း ကြီးမားကြသူများ ဖြစ်လာကြမည်ဟုလည်း ကျွန်ုပ် ယုံကြည်စိတ်ချထားပါသည်။ ကျွန်ုပ်၏ ညီမလေးအပေါ် ၌လည်း အလားတူပင်
mgyoe.com

mgyoe.com
ထပ်တူထပ်မျှ ယုံကြည်စိတ်ချထားပါသည်။ လူတိုင်းသည် ကြိုးစားအားထုတ်မှုများဖြင့် ဘဝကို အလေးအနက်ထား စဉ်းစားခြင်း စတင်ကာ လက်တွေ့လုပ်ကိုင်လိုက်ကြမည်ဟုလည်း ကျွန်ုပ် ယုံကြည်စိတ်ချထားပါသည်။

## ခက်ခဲမှုက နက်ရှိုင်းမှုရှိသော စိတ်ဓာတ်ကို ပျိုးထောင်သည်

အန်နီဖရန့်သည် နမူနာတစ်ခု ဖြစ်သည်။ သူမသည် အရည်အသွေးရှိပြီး နက်ရှိုင်းသည့် ပင်ကိုလက္ခဏာ ထူးခြားမှုများဖြင့် နေထိုင်ရှင်သန်သူဖြစ်သည်။ သူမသည် အသက် ၁၅ နှစ်အရွယ်အထိသာ အသက်ရှင်ခွင့် ရရှိခဲ့သော်လည်း အကောင်းဆုံးဖြစ်အောင် နေထိုင်သွားသည်။ သူမ ကွယ်လွန်ပြီးသည့်နောက် နှစ်အတန်ကြာသောအခါ၌ သူမ ရေးသွင်းခဲ့သည့် နေ့စဉ်မှတ်တမ်းကို ပုံနှိပ်ထုတ်ဝေလိုက်သောအခါ ကမ္ဘာသိအောင် ကျော်ကြားသူအဖြစ်သို့ ရောက်ရှိခဲ့ပေသည်။ ထိုနေ့စဉ်မှတ်တမ်း၌ ဂျာမန်တို့သိမ်းပိုက်ခံထားရသည့် တိုင်းပြည်တွင် ဂျူး လူမျိုးဖြစ်သည့် သူမကို နာဇီတို့ ဖမ်းဆီးသတ်ဖြတ်နေသည့်အရေးမှလွတ်အောင်ပုန်းအောင်းနေခဲ့ရစဉ်တွေ့ကြုံရသည်များကို ရေးသွင်းထားသည်။ သူမ ပုန်းအောင်းနေထိုင်သည့် တိုင်းပြည်မှာ နယ်သာလန်ဖြစ်ပြီး အချိန်ကာလမှာ ဒုတိယကမ္ဘာစစ်အတွင်းတွင် ဖြစ်သည်။ ဟိုလိုကပ်စ်ဟု ခေါ်တွင်ကြသည့် ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့က ဂျူးများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်သုတ်သင်သည့် ဖြစ်ရပ်ဆိုးကြီး ဖြစ်ပွားနေသည့်ကာလအတွင်းတွင် သူမနှင့် သူမ၏ မိသားစုတို့သည် နှစ်နှစ်တိုင်တိုင် သူမ ဖခင်၏ ရုံးခန်းအဆောက်အဦအတွင်းရှိ လျှို့ဝှက်ပုန်းအောင်းရာနေရာတွင်ထီးတည်းနေထိုင်ခဲ့ကြရသည်။တစ်ရက်ပြီးတစ်ရက် အပြင်ထွက်ပြီး ဖြစ်ပျက်နေသည်တို့ကို ကြည့်ရှုခွင့် သူမ မရရှိချေ။ သာမန်ဘဝမျိုးကို သူမ မရရှိချေ။ အားလုံးနှင့် အဆက်အသွယ်ပြတ်တောက်နေပြီးတိတ်တိတ်ဆိတ်ဆိတ်ဖြင့် ပုန်းလျှိုးဝှက်လျှိုး နေထိုင်ရှင်သန်ခဲ့ရသည်။ ထိုကာလ ထိုအခြေအနေအောက်တွင် သူမသည် ယနေ့အထိ လူဖတ်အများဆုံး ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်လာမည့် နေ့စဉ်မှတ်တမ်းကို သူမ ရေးသွင်းခဲ့သည်။ ထိုနေ့စဉ်မှတ်တမ်းသည် အန်နီဖရန့်၏ နေ့စဉ်မှတ်တမ်း(*The Diary of Anne Frank*) ဖြစ်တော့သည်။

၎င်းနေ့စဉ်မှတ်တမ်းသည် သူမ၏ နက်ရှိုင်းသောဘဝကို အချိန်အစဉ်အရ မှတ်တမ်းတင်ပေးထားသည်။ အန်နီဖရန့်သည် မိန်းကလေးငယ်တစ်ဦးမျှသာဖြစ်ပြီး သူမ၏မျိုးနွယ် ဂျူးတို့အပေါ် နာဇီတို့၏ ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ကြသည်ကို ကြုံတွေ့ခဲ့ရသူ ဖြစ်သည်။ သူမ အနေဖြင့် လုပ်ပေးနိုင်တာ ဘာတစ်ခုမှ မရှိချေ။ မကူနိုင်
mgyoe.com

မကယ်နိုင်ဖြစ်ရင်း အသာကြည့်နေဖို့သာ သူမ တတ်နိုင်သည်။ အကျဉ်းစခန်းတွင် လုပ်အားပေးအကူအဖြစ်သူမလုပ်ကိုင်ပေးနေရစဉ်ဓာတ်ငွေ့ဖြင့်သတ်ဖြတ်သည့်ဆီသို့ ကလေးသူငယ်များကို ခေါ်ထုတ်သွားသည်ကိုပင်လျှင် အသာကြည့်နေခဲ့ရသည်။

လူသားတို့အပေါ် စက်ဆုပ်စရာကောင်းလှသည့် ဆိုးဝါးလှသော ပြစ်မှုများ ကျူး လွန်နေကြသည်ကို အများအပြား တွေ့ကြုံနေရသော်ငြားလည်း သူမသည် "လူအများ တို့သည် စိတ်နှလုံးကောင်းကြသူများ ဖြစ်ကြသည်"ဟု ယုံကြည်စိတ်ချစွာဖြင့် သူမ၏ မှတ်တမ်းတွင် ရေးသွင်းခဲ့ပေသည်။

သူမ ခံစားရသည့် စိတ်နာကျင်ခံစားမှုများနှင့် စိတ်ဒဏ်ရာများကို လူအများအပြား တို့ မည်သည့်အခါမှ သဘောပေါက်နိုင်ကြမည် မဟုတ်ကြချေ။ ကျွန်ုပ် ယုံကြည်သည် မှာ ထိုကာလတွင် သူမသည် တိတ်ဆိတ်စွာဖြင့် နားထောင်နေခဲ့သည်။ တုံ့ပြန်လုပ်ကိုင် မှု မရှိဘဲ အသာစောင့်ကြည့်နေခဲ့သည်။ သူမတွင် ရှိနေသည့် အသိတရားဖြင့် နပန်း လုံးနေခဲ့သည်။ ဆုတောင်းပေးနေခဲ့သည်။ နက်နက်နဲနဲ ဆင်ခြင်တွေးဆကြည့်သည်။ ထိုကာလ၌ သူမသည် ဘဝ၏ အဓိပ္ပာယ်အမှန်ကို ရိပ်စားသိရှိခဲ့သည်။ ဘဝရည်ရွယ် ချက်များနှင့် အရေးပါပုံများ သူမ၏ နှလုံးအိမ်နှင့် စိတ်ဓာတ်တို့တွင် စတင်အမြစ်တွယ် သည်။ ဤလောကမှ ပြန်လည်ထွက်ခွာသွားချိန်တွင် သူမ၏ အသက်သည် ၁၅နှစ်သာ ရှိပေသေးသည်။ သို့သော် သူမ တွေးတောခဲ့သည်များ၊ စိတ်ထဲဖြစ်ပေါ်သည့် ခံစားမှု များ၊ စိတ်ထိခိုက်လှုပ်ရှားမှုများတို့တွင် အများစုသည် သူမ၏ အသက်အရွယ်တွင် ရှိသင့်ရှိထိုက်သည်တို့ထက် သာလွန်နေကြသည်။ သူမ၏ ဘဝဇာတ်ထုပ်သည်နာကျင် မှုများ၊ ခက်ခဲကြမ်းတမ်းမှုများနှင့် အလွန်အမင်း ဆိုးဝါးလှသည့် ဘေးဆိုးကြီးတို့ဖြင့် ပြည့်နှက်နေသောဘဝထဲမှ ထွက်ပေါ်လာသည့် ဇာတ်ထုပ်ဖြစ်သည်။

ဤဘဝအတွေ့အကြုံမျိုးကို လွန်ခဲ့သည့် နှစ်ပေါင်းထောင်ချီ ကြာမြင့်သောအချိန်က ဖြစ်ရပ်နှင့် နှိုင်းယှဉ်နိုင်သည်။ သမ္မာကျမ်းလာ ဖြစ်ရပ်တစ်ခု၌ ဂျိုးဇက်သည် မကောင်း ကြံသည့် အမျိုးသမီးတစ်ဦးကြောင့် ထောင်သွင်းအကျဉ်းချခံရသည်။ ထိုအမျိုးသမီး၏ အချစ်ကို ဂျိုးဇက်က ငြင်းပယ်ခဲ့ခြင်းကြောင့် ယခုလို ချောက်တွန်းခံရခြင်းဖြစ်သည်။ အာဏာပိုင်က တရားမျှတမှု မရှိဘဲ စီရင်ချက်ချကာ အပြစ်ဒဏ်ပေးသည်ကို ဂျိုးဇက် ခံယူရသည်။ ထိုအခါမျိုး၌ ဘုရားသခင်က သူ့ကို ကြည့်ရှုစောင့်ရှောက်တော် မမူ၍သာ ဤသို့အဖြစ်ဆိုးရသည်ဟု သူ ယူဆစရာဖြစ်နေသည်။

အန်နီဖရန့်သည် နှစ်နှစ်တိုင်တိုင်ပုန်းအောင်းနေရစဉ်အတွေးအမြင်နက်ရှိုင်းသွား ရသည့်နည်းတူ ဂျိုးဇက်သည်လည်း နှစ်နှစ်တိုင်တိုင် အကျဉ်းချခံထားရစဉ် အတွေး

mgyoe.com
အမြင် နက်ရှိုင်းသွားခဲ့ရသည်။ နောက်ဆုံး၌ သူသည် အာဏာပိုင်၏ ညာလက်ရုံးအဖြစ်သို့ ရောက်ရှိခဲ့ပေသည်။

## ဘဝအပေါ် အလေးအနက် စဉ်းစားခြင်း

တစ်ဦးတည်း ဧကစာ နေထိုင်နိုင်ရန် ရှိရှိသမျှ တာဝန်များကို ချက်ချင်းစွန့်လွှတ်ပြီး တောထွက်ဖို့ အတင်းအကျပ်တိုက်တွန်းခြင်းသည် ရူးသွပ်သောလုပ်ရပ်သာ ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်ခံစားသိရှိမိသည်မှာ ကျွန်ုပ်တို့သည် အရည်အသွေးပြည့်ဝသည့်အချိန်တချို့ကို ဘေးသို့သပ်သပ်ဖယ်ထုတ်ယူပြီး ထိုအချိန်တို့ကို အလေးအနက်စဉ်းစားခန်းဖွင့်ရန်နှင့် မိမိ၏ မနောကို ရှာဖွေရန်အတွက် အသုံးပြုသင့်သည်။

အကယ်စင်စစ် ကျွန်ုပ်သည် ယခုအခန်းကို ရေးသားနေရာ၌ တရုတ်ပြည်၏ ကျေးလက်ဒေသတစ်ခုတွင် ရောက်ရှိနေစဉ် ရေးသားနေခြင်း ဖြစ်သည်။ ထိုနေရာ၌ နေထိုင်ရင်း ပြီးသည့်နှစ်နှစ်က ဆန်းရှိုင်းအင်ပါယာ၌ ကျွန်ုပ်၏ အချိန်များ သုံးစွဲခဲ့သည်ကို ပြန်ပြောင်းစဉ်းစားရင်း ဆင်ခြင်သုံးသပ်ကြည့်ခဲ့သည်။ မတော်လောဘများနှင့် အဆင်အခြင်ကင်းမဲ့စွာဖြင့် ကျော်ကြားမှုနောက် ကောက်ကောက်ပါအောင် လိုက်မိခဲ့သောဖြစ်ရပ် ဖြစ်သည်။ ကြွယ်ဝခြင်းနှင့် အာဏာနောက်သို့ ကလေးဆန်ဆန်၊ မရင့်မကျက်ဖြင့် လိုက်ခဲ့မိသည်။ အခြားသူတို့သာမက မိမိကိုယ်တိုင်ကိုပါ မလေးမစားဖြင့် လုပ်ကိုင်ခဲ့သည်။ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် ဆွဲချပြီး ပြုတ်ကျစေရုံသာမက မှားယွင်းသောအရာများကို ကောက်ကိုင်မိခဲ့ကြောင်း ကျွန်ုပ် အသိတရား ရရှိသည်။ ထိုသို့ပြုမိခဲ့ခြင်းများကြောင့် ဘဝအတွက်မှားယွင်းသောလမ်းပေါ် ရောက်ရှိသွားသည်။ ထိုအတွက် ကျွန်ုပ် မည်သူမည်ဝါကိုမှ အပြစ်မတင်နိုင်ချေ။

ဆန်းရှိုင်းအင်ပါယာသည် ရိုက်စားခွင်သာဖြစ်ကြောင်း အစပိုင်းကတည်းကကျွန်ုပ်ကို သတိပေးသူ အများအပြား ရှိသည်။ ထိုသို့ သတိပေးကြသူများထဲတွင် ကျွန်ုပ်၏ ဖခင်လည်း ပါဝင်သည်။ ဦးလေးတော်စပ်သူလည်း ပါဝင်သည်။ ယုတ်စွအဆုံး ကျွန်ုပ်၏ အဒေါ် နှင့် အစ်ကိုလည်း ပါဝင်သည်။ သတိပေးကြသူများကို စာရင်းရေးချပါက အတော်ရှည်ရှည်လျားလျား ရှိမည်ဖြစ်ပြီး ဆုံးနိုင်မည် မထင်ပေ။ သို့သော် ထိုနေရာ၌ ကျွန်ုပ်သည် ခေါင်းမာမာဖြင့် ဆက်လက်လုပ်ကိုင်နေခဲ့သည်။ ကျွန်ုပ်တွင် ရှိနေသော မာနနှင့် လူပေါ် လူဇော်လုပ်လိုခြင်းတို့ကို ကျွန်ုပ် မချိုးနှိမ်နိုင်ခဲ့ချေ။ ရှေး၌ ဖော်ပြခဲ့သော ချာတိတ်တစ်သိုက်က ကျွန်ုပ်ကို မခံချိမခံသာဖြစ်အောင် ပြောဆိုသဖြင့် ကွင်းဆိုသည့် မိန်းကလေးကို ရအောင်ပိုးပန်းပြမည်ဟု ဆုံးဖြတ်လိုက်သည့်နည်းတူ
mgyoe.com

mgyoe.com

ကျွန်ုပ်သည် နောက်မတွန့်မိခဲ့ချေ။ ထိုစဉ်က ကိုယ့်ကိုယ်ကိုယ် အားပေးပြီး အားတင်းခဲ့သည်။ ကျွန်ုပ် အောင်မြင်မည်ဟု ယုံကြည်အားပေးသူ တစ်ဦးမှ မရှိလည်း ကျွန်ုပ်သည် မိမိဘာသာ အောင်မြင်အောင် လုပ်နိုင်မည်။ တစ်ကိုယ်တော် လုပ်ကိုင်နိုင်စွမ်းရှိသည်ဟု ဆိုကာ ဇွတ်တိုးခဲ့သည်။ သို့ဖြစ်ရာ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ရမည်ဖြစ်သည်။ ထိုသို့ အသိတရားရသည့်အပြင် ကျွန်ုပ် လဲကျနေသည်ကို ရင့်ကျက်ပြီးသူတစ်ဦးအဖြစ် မိမိဘာသာ ပြန်ထူပြီး ထရမည်ဆိုသည်ကိုလည်း သိသည်။ ဤသို့ လေးလတိုင်တိုင် အချိန်ပေးပြီး တသီးတခြား နေထိုင်ခြင်းသည် ကျွန်ုပ်ရှေ့ဆက်ရမည့်ခရီးအတွက် ပြင်ဆင်ရာ၌ အသက်သွေးကြောသဖွယ် အရေးပါသည်ဟု ကျွန်ုပ် ယုံကြည်သည်။

ဤသို့ တစ်သီးတစ်သန့် နေထိုင်ဖြစ်သည့်ကာလအတွင်းတွင် လူအများအပေါ် ကျွန်ုပ် အလေးအနက်စဉ်းစားကြည့်ခြင်းနှင့် သုံးသပ်ခြင်းတို့ ပြုသည်။ ကျွန်ုပ်တို့တွင် ယနေ့အချိန်အခါ၌ အတူတကွ တွေ့ကြုံနေကြရသည့် ပြဿနာတစ်ရပ်မှာ ကျွန်ုပ်တို့တွင် ရှိနေသည့် ကိုယ်ပိုင်အမြင်နှင့် သဘောထားများသည် ကျွန်ုပ်တို့ကို အမှန်အတိုင်း မမြင်ရအောင်ကန်းနေစေသည့်ပြဿနာဖြစ်သည်။အခြားသူတို့ကအကြံဉာဏ်ပေးလာကြသည့်အခါ မိမိသည် သိပြီးသားတတ်ပြီးသားဟု ယူဆလိုက်သည်။ သူတစ်ပါးတို့က အတွင်းကျကျ ရှုမြင်မိသည်တို့ကို ပြောပြသည့်အခါ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုယ် ရင့်ကျက်ပြီးသားဟု ယူဆထားလိုက်ကြသည်။ ထိုအခါ နားမဝင်တော့ချေ။ ပြသည်ကိုလည်း မမြင်နိုင်ကြတော့ချေ။ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုယ် ပင်ကိုစွမ်းရည်ရှိထားသူ၊ အရင်းအမြစ် ကြွယ်ဝသူနှင့် ထိရောက်အကျိုးရှိစွာ လုပ်ကိုင်တတ်သူဟု ယူဆထားကြသည်။

ကျွန်ုပ်တို့သည် ရုံးအလုပ်များကို လုပ်ကိုင်ရာ၌ စဉ်းစားဖို့ အချိန်ယူပြီး သုံးစွဲကြသည်။ အရေးကြီးသည့် အစည်းအဝေး တက်ရန်အတွက် ပြင်ဆင်မှုများ အချိန်ယူပြီး လုပ်ကိုင်ကြသည်။ကိန်းဂဏန်းများကို တကျွတ်ကျွတ်ဝါးပြီးကြေညက်အောင်ပြုသည်။ တင်သွင်းရန် အစီရင်ခံစာကို အသင့်ပြင်သည်။ ကိုယ့်ကိစ္စ ကိုယ့်ဘဝအရေးအတွက် ထိုသို့ တစ်သီးတစ်သန့် အချိန်ယူကာ စဉ်းစားဆင်ခြင်ခြင်း ပြုပေးဖို့ သတိမရကြချေ။ ကျွန်ုပ်တို့သည် အလုပ်များကို နိုင်နိုင်နင်းနင်းဖြစ်အောင် ထိန်းထားကြသည်။ ခေတ်ကာလသည်အပြောင်းအလဲများစဉ်ဆက်မပြတ်ဖြစ်ပေါ်နေသည်။စီးပွားရေးကလည်း မရေရာ မသေချာခြင်းများဖြင့် သွားနေသည်။ သို့ဖြစ်ရာ မိမိ၏ အလုပ်တွင်ရှိနေသည့် ဆယ့်တစ်မီး ငြိမ်းစေဖို့ လိုအပ်သည့်အပြင် အိမ်မှာလည်း စစ်မြေပြင် ရှိနေသည်။ ကျွေးမွေးပေးရုံဖြင့် မရနိုင်တော့ချေ။ ဖြည့်တင်းပေးရမည့် ကုန်ကျစရိတ်များ ခေါင်းစဉ်

mgyoe.com

mgyoe.com
အမျိုးမျိုးဖြင့် ရှိနေကြသည်။ သို့ဖြစ်ရာ အနားယူဖို့အတွက် အချိန်ကို သပ်သပ်ဖယ်ထားဖို့ ခဲယဉ်းနေရသည်။ တစ်ဦးတည်း အေးအေးလူလူနေပြီး မိမိ၏ဘဝအရေးကို ဆင်ခြင်သုံးသပ်ဖို့အတွက် အချိန်သပ်သပ်ဖဲ့ထုတ်ထားဖို့ဆိုသည်မှာ ဝေလာဝေးဖြစ်နေရပေသည်။ မဖြစ်နိုင်သောကိစ္စသဖွယ်ဖြစ်နေရပေသည်။ ဤမျှကိစ္စများမြောင်နေသည်ကို လူ့စဉ်းစားဉာဏ်တည်းဟူသော ကိုယ်ပိုင်ဉာဏ်တစ်မျိုးဖြင့် ပြီးမြောက်အောင်ဆောင်ရွက်ပေးနိုင်ကြသည်ကို ကျွန်ုပ်လက်ဖျားခါရလောက်အောင် အံ့သြမိရပေသည်။ ကျွန်ုပ်တို့သည် မိမိမှာ ရှိနေသည့် အရင်းအမြစ်များနှင့် ခွန်အားများ ကုန်ခန်းသွားသော အခါ ကျွန်ုပ်တို့သည် တဖျစ်ဖျစ် တဖောက်ဖောက် စမြည်လာကြသည်။ သက်ပြင်းချသည်။ ဂလောင်ဂလင်မြည်သည်။ ပျင်းမုန်းငြီးငွေ့စရာ ဖြစ်လာသည်။ သို့သော် လုံးဝ ရပ်တန့်သွားသည်အထိတော့ ဝုန်းခနဲ ပြုတ်ကျမသွားချေ။

ထိုအခြေဆိုက်နေချိန်၌ ကျွန်ုပ်တို့သည် နောက်ကြောင်းပြန်လှည့်ကြည့်ကာ သတိမူလိုက်မိကြသည်မှာ ကျွန်ုပ်တို့သည် တိုင်ကီထဲ ဆီကုန်နေပါလျက် ဆက်လက်မောင်းနှင်နေမိခြင်းဖြစ်သည်ဟူ၍ ဖြစ်သည်။ ထိုသို့ အတင်းဇွတ်မောင်းမိသည့်အတွက် ထင်ကျန်ရစ်သည့် နာကျင်မှုကို ကုစားဖို့ အချိန် လိုအပ်မည်ဖြစ်ကြောင်း သတိပြုမိကြသည်။ ထိုအခိုက်အတန့်ကလေး၌သာလျှင် ကျွန်ုပ်တို့ အသိတရားလိုက်နိုင်သည်မှာ ဤသို့ဤနှယ် မဖြစ်အောင် အစောကတည်းက ရှောင်၍ ရနေသည်ဆိုသည့်အချက်ဖြစ်သည်။ အစောကတည်းက အချိန်သပ်သပ် ဖယ်ထားလိုက်ပြီး နက်ရှိုင်းသောဘဝကို ပြုစုပျိုးထောင်ကာ မွေးမြူပေးထားခဲ့မည်ဆိုပါက ဤသို့ဤနှယ် ဖြစ်လာမည်မဟုတ်ဟု နောင်တတရား ရမိကြလေသည်။

လုပ်ထုံးလုပ်နည်းအရ ဆိုရသော် ယခုလို နေထိုင်လုပ်ကိုင်ကြခြင်းသည် မမှားချေ။ ဆိုးဝါးသည်ဟု မဆိုသာချေ။ ကျွန်ုပ်တို့သည် "ကောင်းစေချင်လို့ လုပ်တာ" ဟုကရုဏာဒေါသောဖြင့် ပြောဆိုမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့အားလုံးသည် ပိုကောင်းမွန်သည့် အနာဂတ် ဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်သည်။

နောက်ကို တစ်လှမ်းဆုတ်ပြီး သင် လုပ်ကိုင်ဆောင်ရွက်နေသည်တို့သည် ဘယ်အတွက် တကယ်လုပ်နေတာလဲ ဆိုသည်ကို ကိုယ့်ကိုယ်ကိုယ် မေးကြည့်လိုက်ပါ။ ကျွန်ုပ်တို့သည် မိုင်ပေါင်းအတော်များများအထိ ~~~နိုင်ကြသည်။ အားကစား အသစ်တစ်ခုကို သင်ယူနိုင်သည်။ ဘာသာစကားအသစ်တစ်ခုကို သင်ယူနိုင်သည်။ အသစ်တစ်ခုခုကို သင်ယူဖို့ ကျွန်ုပ်တို့ တွေ့ရှိနိုင်သည်။ ထိုအသစ်ကို တက်တက်ကြွကြွဖြင့်
mgyoe.com

mgyoe.com
သင်ယူကြသည်။ အငွေ့ထောင်းထောင်းထွက်အောင် သင်ယူနိုင်ကြသည်။

ကျွန်ုပ်တို့ တစ်နေကုန် တစ်နေခန်း အလုပ်များ ရှုပ်နေကြသည်။ တစ်နေ့တာ ကုန်ဆုံးချိန်၌ ကျွန်ုပ်တို့က ဤသို့ ဆိုကြသည်။

"ကျွန်တော်/ကျွန်မက အမြဲ အလုပ်တွေ ရှုပ်နေတယ်။ အလုပ်တွေ အများကြီး လုပ်ရတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ဘာတစ်ခုမှလည်း ဖြစ်ဖြစ်မြောက်မြောက် ဖြစ်မလာပါဘူး။ နောက်တစ်နေ့ကျတော့ တာစထွက်ရတဲ့ နံပါတ်(၁)အကွက်မှာ ပြန်ရောက်နေတော့တာပါပဲ"

သင် ယခင်က ချမှတ်ထားခဲ့သော ရည်ရွယ်ချက်များနှင့်ရည်မှန်းချက်များအရ ကိုက်ညီမှုရှိအောင် ချိန်ညှိဖို့အတွက် တွေးတောဖို့၊ လေးလေးနက်နက် ဆင်ခြင်ကြည့်ဖို့၊ တစ်ယောက်တည်း ဘုရားရှိခိုးဖို့၊ တရားမှတ်ဖို့ စသည့်ကိစ္စရပ် တစ်ခုခု လုပ်ကိုင်ရန် အတွက် အချိန်ကို သပ်သပ်ဖယ်ပေးထားရန် သတိရရမည်။

မည်သို့ပင် ဆိုစေကာမူ ရေတိုကိုသာ အကြည့်များသည့်သူအချို့ ရှိနေကြသည်။ သူတို့သည် ဆုံးဖြတ်ချက်ကို ပေါ့ပေါ့တန်တန် ချလိုက်ကြစမြဲဖြစ်သည်။ ချက်ချင်း လက်ငင်း ကျေနပ်မှု ရဖို့ကိုသာ ကြည့်သည်။

## ဘဝ၏ တာကွက်အကုန်လုံးအတွက်
## နက်နက်နဲနဲရှိနေဖို့သည် မရှိမဖြစ်လိုအပ်သည်

သင့်ကို ဘဏ်တစ်ခု အကြောင်း ပြောပြမည်။ လီမန်ဘရားသားစ်(Lehman Brothers)ဘဏ်သည် လည်ပတ်လုပ်ကိုင်ခဲ့သည့် သမိုင်းသက်တမ်း ၁၅၈ နှစ် တည်ရှိခဲ့ပြီး မတည်မငြိမ်ဖြစ်ရသည့် လှိုင်းကြမ်းလေကြမ်းများကို ကြံ့ကြံ့ခံပြီးဖြတ်သန်းခဲ့ဖူးသည့် သမိုင်းအစဉ်အလာလည်း ကြီးမားသည်။ သို့ပါလျက် ယခုအခါ ပြိုလဲသွားခဲ့ပေသည်။ အဘယ်ကြောင့်နည်း။ ထောင်ထောင်မတ်မတ်ဖြင့် ထူထောင်ထားနိုင်သည့် နိုင်ငံတကာဘဏ်လုပ်ငန်းစုကြီးဖြစ်သော စီးတီးဂရု(Citigroup)နှင့် နိုင်ငံတကာ အာမခံလုပ်ငန်းစုကြီးဖြစ်သော အေအိုင်ဂျီ(AIG-American International Group)တို့ ၏ ရှယ်ယာဈေးနှုန်းတို့ ပြုတ်ကျကြရာ၌ အဆနှစ်ဆယ်ကျော်သည်အထိ ဈေးကျသွားခဲ့သည်။ အဘယ်ကြောင့်နည်း။ ကျွန်ုပ်သည် ၎င်းလုပ်ငန်းစုကြီးများ၏ ဖြစ်ရပ်များကို ကောင်းသည်ဆိုးသည် အဆုံးအဖြတ် ပြုပေးနိုင်လောက်သည့် အနေအထားတွင်ရှိနေသူ မဟုတ်ချေ။ သို့သော် ထိုဖြစ်ရပ်တို့က မဖြစ်မနေ မေးမြန်းကြရမည့် မေးခွန်းတစ်ခုစီ
mgyoe.com

သို့ ရောက်ရှိသွားစေသည်။ ယခုအခါ ဦးစီးဦးဆောင်ပြုကြသူတို့သည် အမြော်အမြင်ရှိရှိဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ပေးကြပါ၏လောဟု မေးရတော့မည်ဖြစ်သည်။ သူတို့သည်သူတို့ဦးစီးလုပ်ကိုင်ပေးနေရသည့်အင်ပါယာကြီးတည်ဆောက်နေသည်ကို ခပ်သွက်သွက် အောင်မြင်ဖြစ်ထွန်းစေရန် လောကြီးနေသည့် ဆန္ဒများမှ ထွက်ပေါ်လာသည်တို့အရ လုပ်ကိုင်ဆုံးဖြတ်ပေးနေကြသည်ဟု ကျွန်ုပ် ထင်မြင်မိပေသည်။ ယခုရေကြည် တွင်းတူးပြီး ယခုပင်လျှင် ရေကြည်သောက်ဖို့ မဖြစ်နိုင်သည်ကို သိပါလျက် ထိုသို့ ပြုမူလုပ်ကိုင်နေကြခြင်း ဖြစ်တော့သည်။

ကြွယ်ဝမှု တည်ဆောက်ရေး၌ သုံးစွဲကြရသည့် ဘလောက်တုံးများ ဖြစ်ကြသည့် ကာကွယ်ခြင်း၊ ရယူစုဆောင်းခြင်း၊ ဖြန့်ဝေခြင်းတို့ ရရှိဖို့အတွက် ကျင့်ဝတ်တရားအသေးအမွှားတို့ တစ်စစီ ပဲ့ကြွေခဲ့လိုက်ကြသည်။

ပုဂ္ဂလိဓိဌာန်အရပြောဆိုရလျှင်ဆန်းရှိုင်းအင်ပါယာကဲ့သို့သောစီးပွားရှာလုပ်ငန်းမျိုးတို့သည်နောက်ဆုံး၌ပြိုလဲသွားရသည်။အဘယ်ကြောင့်ဆိုသော်မြန်မနှေးချမ်းသာရေးဆိုသည့်အချက်အပေါ် အခြေတည်ပြီး တည်ဆောက်ထားသောကြောင့်ဖြစ်သည်။ ထိုလုပ်ငန်းမျိုးတို့တွင် ပါဝင်ဆင်နွှဲကြသူတို့သည် ငွေကြေးကို ကိုင်တွယ်ရန်အတွက် နက်ရှိုင်းမှု ကင်းမဲ့နေကြသည်။ ထိုသို့သော စီးပွားရှာလုပ်ငန်းများ ပြိုလဲကျဆုံးမည်မှာ အနှေးနှင့်အမြန်သာ ဖြစ်သည်။ ကံဆိုးသည်မှာ ကျွန်ုပ်သည် မတော်လောဘကြောင့် မမြင်နိုင်အောင်ကန်းနေခဲ့သည်။သင်ခန်းစာအပေးခံရဖို့အတွက် ခံထိုက်သူဖြစ်သည်။ ကျွန်ုပ်ကိုယ်ပိုင်နှင့် ကျွန်ုပ် ချစ်မြတ်နိုးရသူတို့၏ ငွေများ ပြုန်းတီးအောင် ကျွန်ုပ်ပြုခဲ့ပေသည်။

နက်ရှိုင်းသောဘဝအကြောင်း ဖော်ပြသည့်အခန်းတွင် ဆန်းရှိုင်းအင်ပါယာအကြောင်းနှင့် လီမန်ဘဏ် ပြိုလဲပြီး ငွေကြေးအကျပ်အတည်း ဂယက်ထခဲ့သည့် အကြောင်းတို့ကို တင်ပြသည်မှာ မဆီမဆိုင်ဟု ထင်စရာ ရှိပေသည်။ ကျွန်ုပ်အနေဖြင့် ယုံကြည်ထားသည်မှာ အဓိပ္ပာယ်ရှိသောဘဝဖြစ်ဖို့ အရေးကြီးပုံကို သဘောပေါက်ပုံမရကြသော လောဘကြီးကြသူများသည် ထိုသို့သော အဖြစ်ဆိုးများ ဖြစ်ပေါ်စေဖို့ ကိရိယာ၏ မောင်းခလုတ်များအဖြစ် အသုံးတော်ခံကြသည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလ၌ ပွင့်ထွက်လာသော အက်ဒီဆင် ချန်း၏ လိင်အရှုပ်တော်ပုံသည် ကျွန်ုပ်တို့အတွက် ဘဝကို နက်နက်နဲနဲ ဆင်ခြင်တွေးတောနိုင်စေမည်ဖြစ်သည်။ ထိုသို့သော လိင်အရှုပ်တော်ပုံတို့သည် အနောက်နိုင်ငံများအတွက် ဖြစ်နေကျဖြစ်သော်လည်း အာရှအတွက်မှာမူ အံ့ဩမှင်သက်မိကြရစေသည်။ မီဒီယာကစီန်းစိန်း

ဝါးဝါးကြည့်သည့်အောက်သို့ ရောက်ရှိသွားခဲ့ရပေသည်။

(မှတ်ချက်။ ။အက်ဒီဆင် ချန်း ( Edison Chen)သည် ဟောင်ကောင်မှ ရုပ်ရှင်မင်းသားဖြစ်ပြီး ၂၀၀၈ ခုနှစ် ဇန်နဝါရီလ၌ လွန်ခဲ့သည့် လေးနှစ်တုန်းက ရိုက်ခဲ့သည့် သူ၏ မိမွေးတိုင်းဖမွေးတိုင်း ဓာတ်ပုံများ အင်တာနက်တွင် ပျံ့နှံ့ခဲ့သည်။ သူသုံးစွဲသည့် ကွန်ပျူတာကို ပြုပြင်ခိုင်းရာမှ ကွန်ပျူတာထဲ သိမ်းဆည်းထားသည့် အဆိုပါပုံများ ခိုးယူခံရပြီး အင်တာနက်ပေါ် တင်ခံရခြင်းဖြစ်သည်။ သူနှင့်အတူ ဓာတ်ပုံထဲ ပါဝင်သူ နာမည်ကြီး အနုပညာရှင် အမျိုးသမီး ၈ ဦး တို့၏ ပုံများပါ အင်တာနက်ပေါ် ရောက်သွားခြင်းဖြစ်ပြီး သူ၏ ရည်စားဟောင်း၏ ပုံများလည်း အပါအဝင်ဖြစ်သည်။)

ပင်ကို အစွမ်းအစရှိသူလူငယ် တစ်ဦး ထင်ရှားကျော်ကြားမှု မီးရောင်အောက်သို့ ရောက်ရှိနေစဉ်သူရရှိလိုက်သည့်အသစ်ကျပ်ချွတ်ကျော်ကြားမှုကိုကိုင်တွယ်ထိန်းသိမ်းရန်အတွက် နက်ရှိုင်းသော ဘဝအမြင် သူ့မှာ မရှိချေ။ သို့ဖြစ်ရာ နောက်ဆက်တွဲဆက်လက်ဖြစ်ပေါ်လာသည်တို့၏ ဆွဲငင်မှုကို သူ မထိန်းကျောင်းနိုင်တော့ချေ။ ထိုသို့သောသူမျိုးတို့သည် သူတို့၏ ဘဝကို ကိုယ့်ဘာသာကိုယ် ဖျက်ဆီးပစ်နေမှန်း မရိပ်စားမိကြချေ။ ထိပ်ဆုံးသို့ရောက်ဖို့နှင့် ထိပ်ဆုံးမှာ ဆက်ရှိနေဖို့အတွက်သာ မနေမနားလုံးပန်းမိနေတော့သည်။

ပိုမိုနက်ရှိုင်းသောဘဝမျိုးကို ဆင်ခြင်သုံးသပ်ခြင်းနှင့် ရှာဖွေခြင်းစတင်လိုက်သောအခါ အပြစ်ကင်းစင်ခြင်း ဆုံးရှုံးသွားရသည်။ ထိုအခါ မိမိ အပြစ်ကို သိပြီး ရဲရင့်ဖို့လိုသည်။ နာမည်ကြီး အနုပညာရှင်တို့ လိင်ကိစ္စ အရှုပ်တော်ပုံထဲ ပါဝင်ပတ်သက်ကြသည်ကို လူအများက ကြိုက်နှစ်သက်ကြမည်မဟုတ်သော်လည်း သူတို့သည် သူတို့၏ အမှားများကိုရဲရဲရင့်ရင့် ရင်ဆိုင်သွားကြသည့်သတ္တိကိုတော့ ချီကျူးကြရမည်ဖြစ်သည်။ ချန်းက ဟောင်ကောင်လူထု၊ ဓာတ်ပုံကိစ္စတွင် ပါဝင်နေကြသည့် အမျိုးသမီးများအားလုံးတို့ကို လူသိရှင်ကြား အင်္ဂလိပ်ဘာသာစကားဖြင့် တောင်းပန်စကားပြောဆိုခဲ့သည်။ သူ စိတ်မကောင်းဖြစ်မိရကြောင်းလည်း ပြောကြားခဲ့ပြီး ဟောင်ကောင်ဖျော်ဖြေရေးလောကမှ အပြီးအပိုင် နုတ်ထွက်မည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ ဓာတ်ပုံများထဲတွင် ပါဝင်သူတစ်ဦးဖြစ်သည့် ဂျီလီယန် ချန်းက သူမ ပြုမူခဲ့သည်တို့အတွက် လူသိရှင်ကြား တောင်းပန်းစကား ပြောဆိုခဲ့သည်။ သူမကို အားကျပြီး စံပြုထားကြသည့် လူငယ်များအတွက် မကောင်းသော သက်ရောက်မှုများ ဖြစ်ပေါ်စေသည်ကိုလည်း သူမအနေဖြင့် သတိထားရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပေသည်။

mgyoe.com

လူတိုင်း နက်ရှိုင်းသောဘဝအမြင် ရစေဖို့ရာ•••

တစ်ခုခုကို မလုပ်ကိုင်ခင် သတိရရမည်မှာ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုယ် ပြန်မေးရမည်။

"အခု ငါတို့ လုပ်ကိုင်နေတာကို ဘာကြောင့် လုပ်ကိုင်နေရတာလဲ"

ထိုသို့ မေးမြန်းကာ အဖြေရှာခြင်းဖြင့် ကျွန်ုပ်တို့သည် ဘဝအတွက် ထားရှိသော ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှင့် ပန်းတိုင်များအတွက် နားလည်သဘောပေါက်ထားခြင်းဆီသို့ ရောက်ရှိသွားစေမည်ဟု ကျွန်ုပ် ယုံကြည်ပေသည်။

ဘဝကို အလေးအနက်ထားပြီး နေထိုင်ခြင်းဆီမှ ဆက်လက်ရွေ့လျားသောအခါ လာမည့်အခန်းများတွင် ဘဝထဲ၌ ခိုင်မာသော ထင်မြင်ယူဆချက်များ၊ တန်ဖိုးထားခြင်းများနှင့် အမြင်သဘောထားများကို ကောက်ကြောင်းဖော်ပေးထားသည်ကို သင်ဖတ်ရှုရမည်ဖြစ်သည်။ ကျွန်ုပ် မျှော်လင့်ထားသည်မှာ ထိုအခြင်းအရာတို့သည် ကျွန်ုပ်၏ညီမလေးအတွက်အကျိုးရှိစေသည့်နည်းတူအခြားသူများအများအပြားတို့ကိုလည်း အကျိုးရှိစေလိမ့်မည် ဖြစ်သည်။

သင် လူလားမြောက်သောအခါ ဘဝကို ပိုမိုနက်ရှိုင်းစွာ တွေ့ကြုံခံစားလာရသည်။ ထိုအခါ သင်သည်လည်း ဤစာအုပ်ကဲ့သို့သော စာအုပ်တစ်အုပ်ကို ရေးသားနိုင်သူဖြစ်သွားမည် ဖြစ်သည်။ သင့်ဘဝတစ်လျှောက် တွေ့ကြုံရသည့် အတွေ့အကြုံတို့သည် ကျွန်ုပ်၏ ဘဝတစ်လျှောက်တွင် တွေ့ကြုံရသည်တို့နှင့် ကွာခြားနေမှာ သေချာသည်။ သို့ဖြစ်ရာ သင်မျှဝေပေးမည့် သင်ခန်းစာများနှင့် ထိုးထွင်းသိမြင်ထားသည်တို့မှ ကျွန်ုပ်နှင့် ကွာခြားနေမည် ဖြစ်သည်။ သို့သော် ကျွန်ုပ် အသေအချာပြောဝံ့သည်မှာ ၎င်းတို့တွင် ထပ်တူဖြစ်နေသည့် အမြင်သဘောထားများ ပါရှိနေမည်ဖြစ်သည်။ အကြောင်းမှာ ဘဝကို အလေးအနက်ထားကာ စဉ်းစားဆင်ခြင်ကြသူတို့အကြား ထိုသို့သော ထပ်တူဖြစ်နေမှုများ ရှိနေသောကြောင့် ဖြစ်သည်။ ။

mgyoe.com

mgyoe.com

# အခန်း(၂)
# ချစ်ခြင်းမေတ္တာ

*ယုံကြည်မှု သဒ္ဓါတရား၊ မျှော်လင့်ချက်နှင့် မေတ္တာ။*
*ထိုအရာတို့တွင် အကြီးမားဆုံးအရာသည် မေတ္တာ ဖြစ်သည်။*

၁ ကိုရိသိယမ် ၁၃ း ၁၃

ကျွန်ုပ်တို့တောင်ကုန်းပေါ်ရှိလှုပ်လိုလှုပ်လဲ့သစ်သားခုံရှည်ပေါ် ထိုင်နေကြသည်။ ဖိတ်ဖိတ်တောက်နေသည့် ကားရောင်စုံတို့ကို အပေါ်စီးမှ ကြည့်နေကြသည်။ ထိုကားတို့ တစ်စီးပြီးတစ်စီး တောင်ခြေမှာ ရှိနေသည့် လမ်းပေါ် ပေါ်လာလိုက် ပျောက်သွားလိုက်ဖြင့် သွားလာနေကြသည်။ ထိုလမ်းဘေးတွင် အသက် နှစ်ဆယ်ထက်ပိုကြီးပုံမရသည့် စုံတွဲတစ်တွဲ လက်ချင်းချိတ်ပြီး လမ်းလျှောက်သွားနေသည်ကို လှမ်းတွေ့ရသည်။ သူတို့မျက်နှာများသည် ညနေဆည်းဆာ တိမ်တောက်နေသည်နှင့် အပြိုင်ပြုကာ ဝင်းလက်နေကြသည်။ သူတို့မျက်နှာပေါ်တွင်သွားပေါ်အောင်ပြုံးသည့်အပြုံးတို့ကိုလည်း တစ်ချက်တစ်ချက် လှမ်းတွေ့ရသည်။ ရှက်ပြုံးတို့သည် တစ်စက္ကန့်မျှသာ ကြာပြီး ပြန်ပျောက်သွားသည်။

ကျွန်ုပ်၏ဘုရားပေးသည့်ညီမလေးကပေါ့ပေါ့ပါးပါးလေသံဖြင့်မှတ်ချက်ချသည်။

"သူတို့က ချစ်ကြသူတွေ ဖြစ်မယ်။ ကြည့်ဦး။ သူတို့ ပျော်နေကြပုံကို . . ."

ချစ်ခြင်းမေတ္တာသည် အလျှော့အတင်း ညှိနှိုင်းအပ်သောအရာ မဟုတ်။

mgyoe.com

ချစ်ခြင်းမေတ္တာသည် သည်းခံခြင်း ဖြစ်သည်။
ချစ်ခြင်းမေတ္တာသည် စောင့်ဆိုင်းသည်။ အချိန်ကာလကြာမြင့်ခြင်းနှင့် မဆိုင်ချေ။
ချစ်ခြင်းမေတ္တာသည် အာမဘဏ္ဍ ခံယူထားခြင်း မဟုတ်။
ချစ်ခြင်းမေတ္တာသည် သဘောထားကြီးခြင်း ဖြစ်သည်။
ချစ်ခြင်းမေတ္တာသည် အကြွင်းမဲ့ပေးအပ်ခြင်းဖြစ်သည်။ ကျေးဇူးဆပ်ဖို့ကိုလည်း မမျှော်လင့်။ မေတ္တာ ပြန်ရဖို့ကိုပင်လျှင် မမျှော်မှန်းချေ။
ချစ်ခြင်းမေတ္တာသည် ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်အတွက်သက်သက်မျှသာ မဟုတ်ချေ။
ချစ်ခြင်းမေတ္တာကြောင့် တစ်စုံတစ်ယောက်ကို မကျေမနပ်ဖြစ်ဖို့ မလိုအပ်ချေ။
ချစ်ခြင်းမေတ္တာသည် အာဃာတ ကင်းသည်။
ချစ်ခြင်းမေတ္တာသည် ချက်ချင်းကျေနပ်အားရမှုအတွက် မဟုတ်ချေ။
ချစ်ခြင်းမေတ္တာသည် ယာယီအားဖြင့် အားရကျေနပ်ခြင်းအတွက် မဟုတ်ချေ။
ချစ်ခြင်းမေတ္တာသည် ဟိတ်ဟန်ထုတ်ခြင်း မဟုတ်ချေ။
ချစ်ခြင်းမေတ္တာသည် တာဝန်ယူခြင်း ဖြစ်သည်။

အရာအားလုံးထက် အရေးပါသည့်အချက်မှာ လူ၏မေတ္တာသည် မပြည့်စုံသော အရာသာဖြစ်ကြောင်း သဘောပေါက်နားလည်ပေးရမည် ဖြစ်သည်။

သူမက လမ်းလျှောက်ပြီး ထွက်သွားသည်ကို ကျွန်တော် ကြည့်နေလိုက်သည်။ ကျွန်တော် တယုတယဖြင့် ပြန်တွေးမိသည်မှာ ကျွန်ုပ်တို့၏ ခင်မင်ရင်းနှီးမှုသည် တိုးတက်ဖြစ်ပေါ်ခဲ့ရာ၌ မျက်မှန်းတန်းမိသည်ထက် သာသာထိုးထိုး ပိုနေသည့်အဆင့်ကို များများစားစား ကျော်လွန်ခဲ့သည်။ သူမထံမှတစ်ဆင့် ကျွန်ုပ်သည် ကျွန်ုပ်၏ဘဝ၌ အရေးအပါဆုံးဖြစ်သူကို နောက်ဆုံး၌ ဆုံဆည်းရမည်။ ကျွန်ုပ်၏ သူမအပေါ် ကာကွယ်စောင့်ရှောက်ခြင်း ထက်သန်ပုံကို သူမသည် မည်သည့်အခါမှ နားလည်သဘောပေါက်မည် မဟုတ်ချေ။ ကျွန်ုပ်ကျင့်သုံးနေသည့် ကာကွယ်စောင့်ရှောက်ခြင်း ယန္တရားသည် သိမ်မွေ့ညှံ့သက်စွာဖြင့် အခါခပ်သိမ်း စောင့်ကြည့်ရင်း စောင့်ဆိုင်းပေးနေသည်။ ဘဝ၏ ရာသီဥတုတိုင်းအတွက် ကျွန်ုပ်သည် သူမ၏ အ[illegible]ကိုကြီး ဖြစ်နေမည်သာ ဖြစ်သည်။

သူမက ခုံရှည်မှာ သက်သောင့်သက်သာဖြင့် ထိုင်လိုက်သည်။ ကျွန်ုပ်က စုံတွဲကို

mgyoe.com

ရှိရာသို့ မေးငေါ့ပြလိုက်သည်။

"သူတို့တတွေ လင်းလက်တောက်ပတဲ့လမ်းကြောင်းမှာ အတူသွားနိုင်ကြမှာလား။ ဒါမှမဟုတ် တစ်ယောက်ရဲ့နောက်ကို ကျန်တဲ့တစ်ယောက်က လိုက်ပါလာမှာလား။ ညီမလေး ဘယ်လိုထင်သလဲ"

ဟု ကျွန်ုပ်က စကားစသည့် မေးခွန်းကို မေးမြန်းလိုက်ပြီး သူမထံမှ စကားပြန် မရခင်မှာ ဆက်လက်ပြောဆိုလိုက်သည်။

"လက်တွဲဖော်က ညီမလေး ရင့်ကျက်ဖို့အတွက် လိုအပ်နေတဲ့ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ရေးရာ၊ ငွေရေးကြေးရေး၊ စိတ်လှုပ်ရှားခံစားမှုတွေကို လှူဒါန်းဆော်မပေးနိုင်ဘူးဆိုရင် နှစ်ဦးကြားမှာ တည်ရှိနေတဲ့ ဆက်ဆံဆက်နွှယ်မှုတွေက ရှေ့ကို တိုးတက်မှုတွေ ဖြစ်ပေါ်စေတော့မှာ မဟုတ်ဘူး။ ချစ်သူနှစ်ဦးရဲ့ ဘဝတွေ မတိုးတက်နိုင်အောင် ဟန့်တားနေတဲ့ ခလုတ်တံသင်းသဖွယ် ဖြစ်နေလိမ့်မယ်"

ရုပ်ဝတ္ထုပစ္စည်းများထက် အထည်ကိုယ်ဒြပ်မရှိသည့်အရာတို့က ပိုအစွမ်းထက်ကြသည်။ နမူနာမှာ ဩဇာညောင်းခြင်းဖြစ်သည်။ သိသိကြီးဖြင့် ဖြစ်စေ၊ မသိလိုက်ဘာသာဖြင့်ဖြစ်စေ ကျွန်ုပ်တို့၏ သက်တူရွယ်တူ အဖော်အသင်းများနှင့် ပတ်ဝန်းကျင်တို့က ကျွန်ုပ်တို့ကိုတဖြည်းဖြည်းချင်းပုံသွင်းပေးလိုက်ကြသည်။ ထိုသို့ပုံသွင်းခံရသည့်အတိုင်း အသွင်ဆောင်ထားကြရာ၌ ကျွန်ုပ်တို့သည် ဟန်အမူအရာများမှအစ စရိုက်လက္ခဏာများအထိ ဖြစ်သည်။ တစ်စုံတစ်ယောက်က သင့် ပခုံးကို တို့ပြီး နောက်ပြန်လှည့်ကြည့်ဖို့ အတင်းအကျပ်စေခိုင်းနေပါက သင်သည် ရှေ့သို့ ပြေးလိမ့်မည်ဟု မည်သို့မျှော်လင့်နိုင်ပါမည်နည်း။

ဘုရားပေးသောညီမလေးသည် ဒေါပွစပြုသည်။ သူမက

"အဲဒီလိုဆိုရင် တကယ်လို့ သမီးက လူကောင်းလူတော်နဲ့ ဆုံဆည်းမိတယ်ဆိုရင် ဘာတွေဖြစ်လာမလဲ"

ဟု မေးသည်။ ကျွန်ုပ် သက်ပြင်းချမိသည်။

"ချစ်ပစ်လိုက်ဖို့အတွက် လောမကြီးစမ်းပါနဲ့။ အချိန်တန်ရင် လူမှန်က ရောက်လာရစမြဲပါပဲ။ ငါတို့တစ်တွေက စိတ်လှုပ်ရှားခံစားမိတာတွေကို မလွန်ဆန်နိုင်ကြဘူး။ လွယ်လွယ်နဲ့ အလိုလိုက်လိုက်ကြတယ်။ အဲဒီလို ဖြစ်ကုန်တော့ ငါတို့ရဲ့ ဘဝသက်မွေးမှုအတွက် ပေးအပ်မြှုပ်နှံထားတဲ့ အချိန်တွေ၊ စွမ်းအားတွေ ဆွဲယူသွားတာ ခံကြရတယ်။ တစ်ကိုယ်ရေတစ်ကာယတိုးတက်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတွေအတွက် သုံးရမယ့် အချိန်တွေ၊ စွမ်းအင်တွေ ပါကုန်ရော။ ငယ်ရွယ်စဉ် ချစ်သူရည်းစားဖြစ်ခဲ့ကြတဲ့ စုံတွဲတွေထဲမှာ

mgyoe.com

ဘယ်နှတွဲလောက်က အိုမင်းတဲ့အထိ အတူရှိနေကြမယ်လို့ ညီမလေး ထင်သလဲ"

သူမက မခံမရပ်နိုင်ဖြစ်သွားပြီး ခွန်းတုံ့ပြန်သည်။

"အဖော်မရှိတာထက် စာရင်တော့ အဖော်တစ်ယောက်ယောက် ရှိနေတာက ပိုကောင်းတာ အမှန်ပဲ"

"ပြေးပွဲဝင်တဲ့သူတွေကို နှစ်ယောက်တစ်တွဲ တွဲပေးပြီး တစ်ယောက်ရဲ့ ညာခြေကို ကျန်တစ်ယောက်ရဲ့ ဘယ်ခြေနဲ့တွဲပေးပြီး ခြေလေးချောင်းအစား သုံးချောင်းအဖြစ် တွဲလျက်ကြီး ပြေးခိုင်းတဲ့ ခြေသုံးချောင်းပြေးပွဲကို မြင်ဖူးတယ်မဟုတ်လား။ မရင့်ကျက် မတည်ငြိမ်တဲ့ဆက်ဆံဆက်နွယ်မှုဖြစ်နေရင်အဲဒီချစ်သူစုံတွဲရဲ့ဘဝမာရသွန်ပြေးပွဲဟာ ခြေသုံးချောင်းပြေးပွဲအဖြစ်ကို ရောက်သွားတတ်တယ်။ ညီမလေး စဉ်းစားကြည့်စမ်း။ ချစ်သူနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ခြေလှမ်းတိုင်း အချိတ်အဆက်မိမိနဲ့ ဟန်ချက်ညီအောင် ကြိုးစားပြီး ထိန်းကြရတယ်။ ညီမလေးက ရှေ့ကို တစ်ဟုန်ထိုး ပြေးချင်ပေမဲ့ ပြေးလို့မရနိုင်ဘူး။ သူက ကျန်နေရစ်ပြီး ပြန်ဆွဲထားလိမ့်မယ်။ ဟန်ချက်တွေ ပျက်ကုန်လိမ့်မယ်။ သူက ခဏစောင့်ခိုင်းလိမ့်မယ်။ ညီမလေးတို့က ပြေးပွဲ ပြိုင်နေကြတာနော်။ ညီမလေးက နွေးပေးလိုက်မှာလား။ သူ့ကိုစောင့်ပေးနေရမှာလား။ ဒါမှမဟုတ် သူနဲ့ လမ်းခွဲလိုက်ပြီး နောက်တစ်ယောက်နဲ့ သုံးချောင်းထောက် ပြေးဖို့ ကြိုးစားကြည့်ဦးမှာလား။ ဒါမှမဟုတ်တစ်ယောက်မှအဖော်မတွဲဘဲတစ်ယောက်တည်း ပဲ ဘဝမာရသွန်ပြေးပွဲကို ပြေးမှာလား။ ကိုယ့်ကိုယ်ကိုယ် မနစ်မွန်းစေနဲ့"

သူမ အတန်ကြာ နှုတ်ဆိတ်နေသည်။ ပြီးမှ သူမက စကားဆိုသည်။

"အစ်ကိုကြီးပြောတာ မှန်တယ်လို့ သမီးထင်တယ်။ ဆက်ဆံဆက်နွယ်မှုဟာ အချိုလုံးပါတဲ့ မုန့်ထုပ်လိုပဲ ဖြစ်နေလိမ့်မယ်။ ကြော်ငြာတာကတော့ တနင့်တပိုးပဲ။ ထုပ်ပိုးထားတာကဝယ်စားချင်စရာကြီးဖြစ်နေတယ်။စစချင်းမှာတော့စိတ်ဝင်စားစရာ ဖြစ်နေတယ်။ စွဲမက်စရာကောင်းနေတယ်။ ဝယ်စားကြည့်ဖြစ်တယ်။ အရသာက အချိုကဲပြီး အီလွန်နေတယ်။ ဒီတော့ ဆက်မစားချင်တော့ဘူး။ မုန့်အချို နောက်တစ်မျိုး ကိုပဲ စားဖြစ်သွားတယ်။ ဒီလိုနဲ့ပဲ မေတ္တာဆိုတာ ဘာမှန်းကို သေသေချာချာ မသိကြ တော့ပါဘူး"

"မှန်တာပေါ့"

ကျွန်ုပ် စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ ကျွန်ုပ်တို့ အနီးတွင် ရှိနေကြသည့် သစ်ပင်တို့ တရားမှတ်နေကြသည့်အတိုင်း အသံတိတ်နေကြ သည်။မြို့ကကျွန်ုပ်တို့ထိုင်နေကြသည့်နေရာ၏ဟိုးအောက်ဖက်မှာလင်းဖြာနေသည်။

mgyoe.com

ကျွန်ုပ်တို့နှစ်ယောက် ရောင်စုံကားများ သွားသွားလာလာ ပြုနေကြသည့်လမ်းရှိရာသို့ ဆင်းကြမည်ပြုသောအခါ ညီမလေးက ကျွန်ုပ်၏ လက်သန်းကို သူမ၏ လက်သန်းဖြင့် ချိတ်သည်။ ဤသည်မှာ တစ်ဦးကို တစ်ဦးက ကတိကဝတ်ပြုလျှင် သုံးနေကျဖြစ်သည့် အထာဖြစ်သည်။

"အခုအချိန်ကစလို့ ဘဝမှာ ရုပ်ပုံလွှာတွေကို ကောင်းကောင်းမြင်ရအောင် ပုံကြီးကြီးတွေကိုလည်း သမီး ကြည့်ပါမယ်ဆိုတာ ကတိပေးပါတယ်"

ကျွန်ုပ်တို့နေထိုင်ရာ လောကကြီးထဲ ချစ်ခြင်းမေတ္တာဟု ဆိုနေကြသည့် မေတ္တာမျိုးတို့သည် အကယ်စင်စစ် အပေါ်ယံမျှသာ ရုပ်ပြီး ချစ်မေတ္တာထားနေကြခြင်းသည် နေရာတကာမှာ ပျံ့နှံ့နေသည်။ နက်နက်နဲနဲလည်း မရှိ။ ရိုးဖြောင့်မှုလည်း နည်းသည်။ လူအများစုက "မေတ္တာရှိတယ်"ဟု မိမိနှစ်ခြိုက်သူကို နှုတ်မှ ပြောဆိုလိုက်ကြသည်။ အတူနေချင်သည်ဟု ပြောဆိုလိုက်ကြသည်။ မေတ္တာဆိုသည်မှာ ပြောသည်ထက် ပြသည်ကို ပိုလိုလားအပ်သည့်အရာ ဖြစ်သည်။ အချိန်မရွေး၊ နေရာမရွေး မေတ္တာကို ပြနိုင်သည်။ ထိုသို့ အပြောထက် ပြသည်က ပိုများနေမည်ဆိုလျှင် ကျွန်ုပ်တို့ နေထိုင်နေကြသော လောကသည် နေဖို့ထိုင်ဖို့ ပိုကောင်းနေမှာ သေချာသည်။

ဆန်းရှိုင်းအင်ပါယာပွင် ကျွန်ုပ် ရောနှောရသည့် လူအုပ်သည် မေတ္တာဆိုသော အရာကို ဝယ်ယူ၍ ရနိုင်သည်ဟူသော ထင်မြင်ချက်များ ကျွန်ုပ်ကို ပေးကြသည်။ မိန်းကလေးများသည် ယာယီအသုံးအဆောင်မျှသာဖြစ်ကြသည်ဟု မှတ်ယူထားကြသည်။ ထိုသို့ အဆိပ်သင့်သော ဩဇာသက်ရောက်မှုများကြားတွင် ကျွန်ုပ်သည် အဆိပ်မတက်ဘဲ နေနိုင်ခဲ့သည်။ ထိုအတွက် ကျွန်ုပ်ကို ပြုစုပျိုးထောင်ပေးခဲ့ကြသည့် မိဘနှစ်ပါး၏ ကျေးဇူးမကင်းချေ။ ကျွန်ုပ်သည် ချမ်းသာကြွယ်ဝမှုများနှင့် ဩဇာတိက္ကမကြီးသူဖြ ်ရခြင်းဆိုသည့် ဖြားယောင်းသွေးဆောင်မှုနောက်သို့ လိုက်မိမည်ဖြစ်သော်လည်း သွေးသားကာမဂုဏ် တပ်မက်သူအဖြစ်သို့ အရောက်မခံနိုင်ပေ။

### ချစ်ခြင်းမေတ္တာသည် ကြည့်ရှုစောင့်ရှောက်ပေးရန်သာမဟုတ်ချေ။ နိမ့်ချကျိုးနွံဖို့လည်း လိုပေသည်

မှန်ရာကို ရိုးသားစွာ ဆိုရလျှင် ဆန်းရှိုင်း အင်ပါယာကို ထူထောင်ခဲ့သူ မစ္စတာ ဂျိမ်းဖန်းသည် တကယ်ကို အလွန်ချစ်ခင်မြတ်နိုးတတ်သော ခင်ပွန်းကောင်းနှင့် ဖခင်ကောင်းတစ်ဦး ဖြစ်သည်။ ကျွန်ုပ် မျက်မြင်ကိုယ်တွေ့ ဖြစ်သည်မှာ ညဘက်၌ ဈေးသို့ သူသွားပြီး ဘဲသားခေါက်ဆွဲများကို သူ့သား စားဖို့ ဝယ်သည်။ သူတစ်ပါး၏ အရေးကိစ္စ

mgyoe.com

mgyoe.com
ကိုလည်း ဆွေမျိုးမတော်စပ်သူ ဖြစ်နေသော်လည်း သူ ထည့်သွင်းစဉ်းစားပေးလေ့ရှိသည်။ ဆန်းရှိုင်း အင်ပါယာသည် ကျွန်ုပ်ဘဝ၏ အမှောင်ခြမ်းဖြစ်သော်ငြားလည်း ထိုသူထံမှ 'မေတ္တာ'အကြောင်း များများစားစား သင်ယူခဲ့သည်။ သူသည် လူ့အဖွဲ့အစည်းတစ်ရပ်၏ အမုန်းများ တနင့်တပိုး ရထားသူဖြစ်သည့်တိုင်အောင် သူ့ထံမှာ မေတ္တာ ရှိနေသည်။ ချစ်ခင်တတ်သော ဖခင်တစ်ဦး ဖြစ်သော်လည်း ဘဝတွင်မှားယွင်းသောအချိုးအကွေ့ကို ကွေ့ခဲ့သည်မှာ နှမြောစရာကောင်းနေတော့သည်။ ကမ္ဘာပေါ်တွင် အကြွယ်ဝဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု၌ အတော်ဆုံးဆိုသည့် ဝါရင်းဘတ်ဖစ်တ်ထက်ပင် သူက ပိုတော်သည်ဟု သူက ဆိုခဲ့သည်။ စင်စစ် သူက လိမ်လည်မှုကို ကျူးလွန်နေခြင်းသာ ဖြစ်သည်။ ရိုးရိုးစင်းစင်း လူအများအပြားတို့ကို သူတို့၏ ချမ်းသာမှုများ ဆုံးရှုံးအောင် ပြုခဲ့သူ ဖြစ်သည်။ အချို့ဆိုလျှင် တစ်သက်တာ စုဆောင်းထားသမျှ တက်တက်ပြောင်ခဲ့ကြသည်။ အရေးယူခံရပြီးသည့်နောက် နှစ်အတန်ကြာ သံတိုင်များနောက်မှာ သူသွားနေခဲ့ရသည်။ အမှန်အတိုင်း ရိုးသားစွာဆိုရလျှင်တစ်ချိန်တစ်ခါက ကျွန်ုပ်သည် သူ့ကို ကြည်ညိုလေးစားခဲ့ဖူးပေသည်။ သို့သော် ထိုလေးစားမှုသည် ခါးသီးသော မကျေနပ်ခြင်းအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခဲ့ရသည်။ ကျွန်ုပ်၏ ဆန်းရှိုင်း အင်ပါယာခရီးစဉ် အဆုံးသတ်သွားရပေသည်။ သို့သော် ချက်ကျလက်ကျ ဆိုရလျှင် သမ္မာကျမ်းစာထဲ၌ ဆိုထားသည်မှာ

"အကယ်၍ သင့်ကို ချစ်သောသူတို့ကိုသာ သင်က ချစ်မည်ဆိုလျှင် ထိုအတွက် အဘယ်ကြောင့် သင် ဂုဏ်ရမည်နည်း။ ဒုစရိုက်မှု ပြုသော ငမိုက်သားတို့သည်ပင်လျှင် သူတို့ကို ချစ်သောသူတို့ကို သူတို့ ချစ်ခြင်းရှိကြလေသည်"

ဟူ၍ ဖြစ်သည်။

ခေါင်းဆောင်အားလုံးနီးပါးကဲ့သို့ပင် ဂျိမ်းဖန်းသည် သြဇာတိက္ကမနှင့် ပြည့်စုံသောသူ ဖြစ်သည်။ သူ့ ပရိသတ်ကို စိတ်ဓာတ်တက်ကြွ လှုပ်ရှားသွားအောင် သူ လှုံ့ဆော်ပေးနိုင်သည်။ ဆန်းရှိုင်း အင်ပါယာတွင် ပါဝင်ကြသည့် အဖွဲ့ဝင်အားလုံးအပေါ် သူ မေတ္တာထားသည်။ သူ့သား သူ့သမီးကဲ့သို့ သဘောထားသည်။ လူတိုင်း၏ စိတ်ထဲ တဖြည်းဖြည်းချင်းအယုံသွင်းသည်။သူနှင့်တကွဦးဆောင်သူတို့သည်နောက်လိုက်များကို တကယ် ဂရုစိုက်သည်။ တကယ် မေတ္တာထားသည်။ စီးပွားရေးလုပ်ငန်းက သူတို့ကို ချမ်းသာအောင် လုပ်ပေးလိမ့်မည် ဆိုသည်ကို ယုံကြည်စိတ်ချစေသည်။

ကျွန်ုပ်တို့ အဆင်မပြေဖြစ်ပြီး ကျရှုံးနေပါက သူ ရောက်လာမည်ဖြစ်ကြောင်း ကတိပေးသည်။ သို့သော် အဖြစ်မှန် အလင်းရောင်အောက် ထင်းထင်းကြီးပေါ်လာပြီး
mgyoe.com

mgyoe.com
လူအများအပြားတို့ သူတို့၏ ချွေးနှဲစာများ ဆုံးရှုံးကုန်ကြပြီး ထိခိုက်ကြေကွဲနေကြချိန်၌ ထိုဦးဆောင်သူတို့ ကြက်ပျောက်ငှက်ပျောက် ပျောက်နေကြလေသည်။ ဘယ်မှာမှ ရှာမတွေ့ရတော့ချေ။ သို့သော် သေချာသည့်အချက်မှာ ဂျိမ်းဖန်းသည် သူ့သားအပေါ်၌ အခြားဖခင်တို့ထားရှိသည့်အတိုင်း မေတ္တာထားသည်။ မှားနေသည်မှာ သူကြွယ်ဝမှုကို ရှာမှီးပုံ ဖြစ်သည်။ ဂုဏ်မတင့်တယ်သော နည်းလမ်းများကို သူ သုံးစွဲခဲ့ပေသည်။

ကွန်ုပ်သည် အကျော်ဇေယျဖြစ်သော ဂျင် ရော်ဂျာဆိုသည့်သူကို အသက် ၂၄ နှစ်၌ သိခဲ့ရသည်။ သူ့အကြောင်းကို ကြားဖူး၊ ဖတ်ဖူးခဲ့သည်မှာ ကျွန်ုပ် တက္ကသိုလ်တက်နေစဉ်ကတည်းက ဖြစ်သည်။ သူသည် ရင်းနှီးမြှုပ်နှံမှုလောက၌ အကျော်အမော်အဖြစ် ဆက်ရှိနေဆဲဖြစ်သည်။ တိုင်းမ်စ်က "ဘဏ္ဍာရေး၏ အောင်ပွဲခံ လူစွန့်စား"ဟု ဆိုခဲ့ပေသည်။ သူသည် ကမ္ဘာ့ပုဂ္ဂိုလ် ဖြစ်သည်။ သူ၏ ထိုးထွင်းသိမြင်မှုများနှင့် တွေးထင်ချက်များကို စီးပွားရေးထိပ်တန်းမီဒီယာဖြစ်သည့် ဘလွန်းဘတ်၌သာမက စီအင်ဘီစီ အပါအဝင် အခြားမီဒီယာများတွင်လည်း ဖော်ပြကြသည်။ သူသည် ဂုဏ်ဒြပ်ထည်ဝါကြသည့် ငွေရေးကြေးရေး ဆရာကြီးများနှင့် မတူသည်မှာ သူသည် နှိမ့်ချကျိုးနွံသူဖြစ်ပြီး မေတ္တာထားတတ်သူလည်း ဖြစ်သည်။ ကျွန်ုပ်တစ်သက်တာတွင် ယခုအချိန်အထိ သူ့ကို မီသောသူ မတွေ့ဖူးသေးချေ။

ကျွန်ုပ်သည်လည်းမစ္စတာရော်ဂျာ၏ဘဏ္ဍာရေးနှင့်စီးပွားရေးအကြံပေးချက်များကို ထက်ထက်သန်သန်ဖြင့် လိုက်သည့် နောက်လိုက်တစ်ဦး ဖြစ်သည်။ သူ ရေးသားခဲ့သည့် စာအုပ်များထဲမှ တစ်အုပ်တွင် သူက တရုတ်ပြည်အကြောင်း ဖောက်သည်ချရာ၌ ထိုနိုင်ငံသည် "နောက်ထပ် ပေါ်ပေါက်မည့် မဟာကြီး"ဟု ရေးသားခဲ့သည်။ ကျွန်ုပ်သည် ကျူးဟိုင်းသို့ တစ်ကိုယ်တော် ခရီးထွက်ခဲ့ရာ၌ ထိုနေရာတွင် တည်ရှိနေသော တက္ကသိုလ်တစ်ခုတွင်ပါမောက္ခအဖြစ်လုပ်ကိုင်နေသောစင်ကာပူနိုင်ငံသားတစ်ဦးနှင့် ဆုံတွေ့ခဲ့ကြသည်။ သူနှင့် ကျွန်ုပ်တို့ မိတ်ဆွေအဖြစ် ခင်မင်သွားကြပြီးချိန်၌ သူက မစ္စတာ ရော်ဂျာထံ ကျွန်ုပ်ကို မိတ်ဆက်ပေးသည့်စာ ရေးပို့ပေးခဲ့သည်။ ထိုစဉ်မှစ၍ ကျွန်ုပ်သည် မစ္စတာရော်ဂျာ၏ မိတ်ဆွေအဖြစ် သိကျွမ်းခဲ့ရပေသည်။

မစ္စတာရော်ဂျာသည် အသက် အတော်ကြီးပြီဖြစ်သော ၆၀ နှစ် ကျမှ ဖခင်အဖြစ်သို့ ရောက်ရှိခဲ့သည်။ သို့သော် သမီးများ အပေါ်ထားရှိသည့် မေတ္တာသည် တကယ်စစ်မှန်သည်။ ရင်ဘတ်ကိုလည်း ထိသည်။ သူက သမီးကို ရည်စူးပြီး *A Gift To My Children* ဟု အမည်ပေးထားသည့် စာအုပ်ကို ရေးသားခဲ့သည်။ သူ၏ အတွေ့အကြုံရှိပြီးသား ဘဝ၌ သမီးများနှင့်အတူ တွေ့ကြုံခဲ့သည့် ဘဝသင်ခန်းစာများကို ဖော်ပြထား
mgyoe.com

mgyoe.com
သည်။ သူ့ကြောင့် ကျွန်ုပ်သည် မေတ္တာနှင့် နှိမ့်ချခြင်း အစစ်အမှန်ကို ဉာဏ်အလင်း ပွင့်ခဲ့ရပေသည်။ သူ့စာအုပ်ကြောင့် ယခု ဤစာအုပ်ကို ရေးဖြစ်ဖို့ စေ့ဆော်မှုများ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်တော့သည်။

ဆန်းရှိုင်း အင်ပါယာ ထူထောင်သူနှင့် မစ္စတာ ရော်ဂျာ မတူသည့်အချက်မှာ သူသည် မေတ္တာထားခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း ပြုပေးသည့် ဖခင်တစ်ဦးဖြစ်သည့်အပြင် ရိုးသားဖြောင့်မတ်သူ ဖြစ်ပြီး လူ့ကျင့်ဝတ်ကို လိုက်နာသော လူကြီးလူကောင်းတစ်ဦးဖြစ်သည်။ သူ့ပတ်ဝန်းကျင်တွင် ရှိနေကြသူတို့ကို စစ်မှန်သောကူညီမှုဖြင့် ထောက်ကူပေးသည်။ သူသည် အကျော်ဇေယျ ရင်းနှီးမြှုပ်နှံမှု ဘီလျံချီ အဆင့်အတန်းသို့ရောက်ရှိနေသူဖြစ်သဖြင့် လူငယ်တစ်ဦးကမိတ်ဖွဲ့သည်ကိုငြင်းမည်ဆိုပါက ငြင်း၍ ရနေသည်။ သူက ကျွန်ုပ်ကို မိတ်ဆွေအဖြစ် လက်ခံခဲ့သည်။ သူ ချမ်းသာကြွယ်ဝသည်ကို စကားထဲ ထည့်မပြောချေ။ လူချင်းရင်းနှီးခင်မင်မှုကိုသာ အရေးလုပ်သည်။ သူက ကျွန်ုပ်ကို သင်ကြားပေးသည်မှာ လောက၌ အချောင်ရသည့် အစာတစ်နပ်ဟူ၍ မရှိ။ ကျွန်ုပ်တို့ အလုပ်ကြိုးစားဖို့ လိုသည်။ ကောင်းမွန်သော အနာဂတ် ရဖို့အတွက် စုဆောင်းရမည်။ ရင်းနှီးမြှုပ်နှံရမည်။

ဤနှစ်များအတွင်း ကျွန်ုပ် သတိမူမိသည်မှာ အောင်မြင်မှုများ ရရှိနေသူတို့အကြား အမြင်အားဖြင့် အောင်ပွဲခံနေသူများနှင့် တကယ်အောင်မြင်သူများတို့ကို နှိုင်းယှဉ်ကာ ခွဲခြားသိမြင်ခဲ့ခြင်း ဖြစ်သည်။ မစ္စတာ ရော်ဂျာကဲ့သို့သော လူစားမျိုးတို့သည် မိမိ မည်မျှကြွယ်ဝသည်ကို ကြွားလုံးထုတ်ရိုးထုံးစံ မရှိကြချေ။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချ၍သာ နေလိုက်ကြသည်။ သူသည် မိဘတို့ စံပြုရမည့်သူ ဖြစ်သည်။ သူသည် ကျော်ကြားသော ကုဋေကြွယ်သူဌေးဖြစ်သည်။ သို့သော် သူက မိဘအများစု ပြုသည့်အတိုင်း ရပ်ရေးရွာရေးကို ဆောင်ရွက်ခြင်းဖြင့် သူ့ကလေး ကျောင်းကောင်းကောင်း နေခွင့်ရဖို့ လုပ်ကိုင်ခဲ့ပေသည်။ ကျွန်ုပ်တို့သည် မည်သည့် ဂုဏ်ဒြပ်အဆင့်အတန်းကို ရရှိနေသည်ဖြစ်စေ၊ ရှေ့မှ စံနမူနာပြ ဖြစ်နေစေရမည် ဖြစ်သည်။

## ချစ်ခြင်းမေတ္တာသည် တာဝန်ယူခြင်း

ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု ထပ်ပြောရဦးမည်။ ကျွန်ုပ်သည် နိုင်ငံအများအပြားသို့ ခရီးသွားလာသူ ဖြစ်သည်။ ထိုနိုင်ငံတို့တွင် ချစ်ကြကွဲကြ ဖြစ်ကြသည်ကို ကျွန်ုပ် တွေ့မြင်ခဲ့ရသည်။ စိတ်နှလုံး ကြေကွဲစရာကောင်းလှသည်မှာ ချစ်သူစုံတွဲမှ ပေါက်ဖွားထားသည့် ကလေးသူငယ်သည် ချစ်သူတို့ ကွဲကြသောအခါ မရေရာမသေချာသည့်
mgyoe.com

mgyoe.com
ဘဝရှေ့ရေးကို အလိုလို ရင်ဆိုင်ရတော့သည်။ ထိုကလေးသူငယ်တို့ ကြီးပြင်းလာကြရာ၌ သွန်သင်ဆုံးမမှု ဟန်ကျပန်ကျ မရှိသဖြင့် သူတို့ ခရီးနှင်ရသည့် လမ်းသည် ကျဉ်းမြောင်းနေပြီးအကွေ့အကောက်များပြည့်နှက်နေသည်။မမြင်ကွယ်ရာဖြစ်နေခြင်းများ မကြာခဏ ကြုံကြရသည်။

လူအများတို့ မေတ္တာ၏ အဓိပ္ပာယ် အစစ်အမှန်ကို အမှန်အတိုင်း သိမြင်လာကြသည်။ ဤအခန်းအစ၌ တင်ပြခဲ့သည့်အတိုင်း ကျွန်ုပ်၏ ညီမလေးနှင့်တကွ စာရှုသူတို့သည် မေတ္တာဟူသည့် စကားလုံးတွင် တာဝန်ယူခြင်း ပါဝင်ပတ်သက်နေသည်ကို သဘောပေါက်ကြသည့်အပြင် သတိရကြမည်ဟု ကျွန်ုပ် မျှော်လင့်မိပါသည်။ ထိုသို့ သဘောပေါက်ပြီး သတိရခြင်းသည် လူသား၏မေတ္တာ အပြစ်အနာမကင်းသည်ကို လက်ခံပေးသည့် ဖြစ်စဉ်၌ အရေးပါသည့် လိုအပ်ချက်ဖြစ်သည်။ ထိုသို့သော မေတ္တာမျိုးဖြင့်သာ ချစ်သူတို့သည် သက်ဆုံးတိုင် အတူပေါင်းသင်းနေထိုင်နိုင်ကြမည်ဖြစ်သည်။ သူတို့၏ ဘဝကို ရိုးဖြောင့်စွာဖြင့် ဖြတ်သန်းနိုင်ကြမည်။ စင်ကြယ်မှု ရှိကြမည်ဖြစ်သည်။ ထိုသို့သော မေတ္တာမျိုးသည် သူတို့ကို မည်သို့သော ရာသီဥတုမျိုးကိုမဆို အတူလက်တွဲပြီး ကြံ့ကြံ့ခံနိုင်ကြမည် ဖြစ်သည်။ ချစ်စကြင်စတုန်းက ရှိခဲ့သည့် ချစ်ရမ္မက်များ တစ်စတစ်စ ငြိမ်ကျကာ ပျောက်ကွယ်သွားပြီဖြစ်သော်လည်း ဆက်လက်လက်တွဲထားနိုင်ကြမည် ဖြစ်သည်။

## တစ်မူထူးသော မေတ္တာ

ကျွန်ုပ်သည် အဘိုးအဘွားတို့နှင့် အတူနေလာခဲ့သည်မှာ ၅နှစ်ကျော်ပြီဖြစ်သည်။ ကျွန်ုပ် အလုပ်ကိစ္စဖြင့် ခရီးထွက်ပြီး ပြန်ရောက်လာတိုင်း သူတို့နှင့်အတူ တတ်နိုင်သရွေ့ နေပေးသည်။ သူတို့သည် အိုမင်းရင့်ရော်နေကြပြီ ဖြစ်သည်။ အဘိုးသည် အသက် ၉၂ နှစ်ရှိပြီဖြစ်ပြီး အဘွားသည် အသက် ၈၅ နှစ် ရှိပြီဖြစ်သည်။ သူတို့နှစ်ဦးအကြား တုံ့ပြန်ဖလှယ်ပုံများကို ကျွန်ုပ် တွေ့မြင်ဖန်များလာသောအခါ သူတို့ထံ၌ တစ်မူထူးခြားသော မေတ္တာတစ်ရပ် တည်ရှိနေကြောင်း သတိပြုမိသည်။

ထိုအချက်ကို လှစ်ဟပြသလိုက်သည်မှာ ကျွန်ုပ်၏ အဘွား နေမကောင်းဖြစ်သည့်ညဉ့် ဖြစ်သည်။ သူမသည် အတော်ကလေး မကျန်းမာဖြစ်နေရာ၌ သွားလာနိုင်ခြင်းမရှိတော့ချေ။ ရင်ဘတ်မှာလည်း တအားအောင့်နေပေရာ သူမ တစ်ကိုယ်လုံးတုန်တုန်ယင်ယင် ဖြစ်နေသည်။ ကျွန်ုပ်သည် စိုးရိမ်တကြီးဖြစ်မိကာ ဘုရားသခင်ထံ ဆုတောင်းမိသည်။ သူမ ပြန်ကောင်းလာလိမ့်မည်ဟု မျှော်လင့်မိသည်။ အဒေါ်က ခပ်သွက်သွက်
mgyoe.com

mgyoe.com
ဆုံးဖြတ်ချက်ချပြီး လူနာတင်ကားကိုသာ မခေါ်ခဲ့လျှင် ထိုညက အဘွား ဘာတွေဖြစ်ကုန်နိုင်သည်ကို ကျွန်ုပ် မပြောတတ်ပေ။

အဘိုးသည် နှုတ်ဆိတ်ကာ အသံတိတ်နေသည်။ အဘွားကို လူနာတင်ကားက ဆေးရုံသို့ ခေါ်သွားသောအခါ အဘိုးသည် အလွန်အေးဆေးတည်ငြိမ်စွာဖြင့် ရှိနေသည်။ အဘွားက ဆေးရုံမှာ ရက်အတန်ကြာ နေရသည်။ အဘိုးသည် ခါတိုင်းထက် ပိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို ကျွန်ုပ် သတိပြုမိသည်။ သူ့ကို အပြင်ခေါ်ထုတ်သွားပြီး အစားအစာကောင်းကောင်း ကျွေးမွေးရန် ပူဆာသည်။ ဈေးထွက်ဝယ်ဖို့လည်း ခေါ်သွားပေးခိုင်းသည်။ သူသည် အဘွား ဆေးရုံရောက်နေစဉ် စိတ်မကောင်းဖြစ်နေဖို့ကောင်းပါလျက် ယခုလို ဖြစ်နေသည်မှာ မသင့်တော်ဟု ကျွန်ုပ် ထင်မြင်ယူဆမိသည်။ သူက အိမ်မှာ မြဲနေသင့်သည်ဟု ကျွန်ုပ်ယူဆသည်။

နောက်တော့မှ ကျွန်ုပ် သဘောပေါက်သွားခဲ့ရပေသည်။ အဘိုး ဘာကို ဖြတ်သန်းနေရသည်ကို ကျွန်ုပ် ရိပ်စားမိခဲ့ပေသည်။ မသင့်တော်ဟု ထင်မြင်စရာ ဖြစ်နေသော်လည်း အဘိုးက တရားနှင့် ဖြေသိမ့်နေပုံရသည်။ သဘာဝတရားသည် အဘိုးနှင့် အဘွားတို့ကို တစ်နေ့နေ့တွင် တမလွန်သို့ ခေါ်ထုတ်သွားမည်သာ ဖြစ်သည်။ မည်သူမှ ထာဝရ အသက်ရှင် မနေနိုင်ပေ။ ထိုအချက်ကို အဘိုး အပြည့်အဝ သဘောပေါက်လက်ခံထားပုံရသည်။ ဤသို့အဖြစ်မျိုးကို တစ်ချိန်ချိန်တွင် ကြုံရမည်သာဖြစ်သည်ကို သူ သိထားသည်။

ဤအဖြစ်အပျက်ကို တွေ့မြင်သောအခါ ကျွန်ုပ်သည် အဘိုး၏ အနေအထားကို ကြည့်ပြီး ကျွန်ုပ် ပြောနိုင်သည်မှာ သူက ဤလောကမှ အဘွားကို သူ့ထက် အရင်ထွက်သွားစေလိုသည်။ သူတို့အဖို့ ဆက်လက်အသက်ရှင်ချင်နေဖို့ အကြောင်းမရှိချေ။ အကယ်၍ သူက အရင်ထွက်သွားမည်ဆိုပါက အဘွားသည် အထီးကျန်နေ့ရက်များကို အိုမင်းချိန်၌ ဖြတ်သန်းရတော့မည် ဖြစ်သည်။ သို့ဖြစ်ရာ အဘွားအစား သူကသာ ၎င်းနေ့ရက်များကို ဖြတ်သန်းပေးလိုခြင်း ဖြစ်သည်။

ထိုအဖြစ်သည် ကျွန်ုပ်အတွက် ကွဲပြားခြားနားသော မေတ္တာတစ်မျိုး ဖြစ်နေရပေသည်။ ထိုအဖြစ်သည် ကျွန်ုပ်ကို မျက်စိဖွင့်ပေးလိုက်သည်။ ကျွန်ုပ်တို့၏ လောကတွင် မိမိအသက်ကို စွန့်၍ မိမိ၏ ဘဝကြင်ဖော်ကို ကာကွယ်မည် ဖြစ်သည်။ ချစ်ပြမည် ဖြစ်သည်။ ယခု အဘိုး၏ မေတ္တာသည် မိမိမှသာ အနစ်နာခံလိုက်ချင်သည့် မေတ္တာ ဖြစ်သည်။ တစ်မူထူးခြားလှပေသည်။
mgyoe.com